မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၂၅)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် မခွဲမခွာနေထိုင်ခဲ့ကြ

ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ နှစ်ပရိစ္ဆေဒ ရှည်လျားစွာ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် မခွဲမခွာ အတူတကွ နေထိုင်ကြခြင်းမှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ အပြန်အလှန်အမှီသဟဲပြုခြင်း၊ နားလည်သည်းခံခွင့်လွှတ်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း တည်းဟူသော မိသားစုစိတ်ဓာတ်ကို အခြေခံအရင်းတည်လျက် အမြော်အမြင်ကြီးမားစွာဖြင့် ပေါင်းစည်းယှက်နွယ်နေထိုင်ခဲ့ကြသည့် ရှေးဘေးဘိုးဘီဘင် အဆက်ဆက်တို့၏ ကျေးဇူးတရားကြောင့်ပင်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ—

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

(အောက်ပုံ) စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများ နှစ်ပရိစ္ဆေဒ ရှည်လျားစွာ ခိုင်ခိုင်မြဲမြဲလက်တွဲလျက် အေးအတူပူအမျှ သုခ၊ဒုက္ခများ မျှဝေခံစားပြီး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် စုစည်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဖြစ်သည်။

မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများသည် **"အသီးတစ်ရာ အညှာတစ်ခု"** ဆိုသကဲ့သို့ ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်တွင် အခြေပြုထားသည့် အညှာတစ်ခုတည်းမှ ပေါက်ပွားသီးပွင့်နေကြသော သွေးရင်းသားချင်းများ ဖြစ်ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အမိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်အဖြစ် အကောင်အထည်ဖော် တည်ဆောက်ရာတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဦးစားပေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲ၍ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသအနှံ့ နယ်စပ်ဒေသများနှင့် ကျေးလက်တောရွာအထိ တည်ငြိမ်အေးချမ်း လုံခြုံမှုများ တိုးတက်လာသည့်အလျောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်ခဲ့သည်။

နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးများအနက် လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေ တိုင်းရင်းသားပြည်သူများဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကျေးလက်နှင့် မြို့ပြ ကွာဟမှုနည်းနိုင်သမျှ နည်းစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို နိုင်ငံတော်က ချမှတ်အကောင်အထည် ဖော်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ကျေးလက်ပြည်သူများ လူနေမှုဘဝတိုးတက်ကြီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းကြောင့် ဒေသခံပြည်သူများက ကြည်နူးဝမ်းသာမှုအပြည့်ဖြင့် နိုင်ငံတော်၏ လုပ်ငန်းစဉ်များအပေါ် ထောက်ခံအားပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်ကို ကိုယ်တိုင်ကြိုးပမ်းတည်ဆောက်နေသည့် ကာလသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်နိုင်ခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး အစဉ်အလာကြီးမားသည့် အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ခြင်းကြောင့်ပင် ဖြစ်သည်။

ပြည်ထောင်စုကြီးအတွင်း ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သော တစ်စိတ်တစ်ဝမ်းတည်း ရှိမှု၊ တစ်ဦးနှင့်တစ်ဦး စာနာထောက်ထားမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီ ဖေးမမှု၊ အပြန်အလှန်မှီခို အားထားယုံကြည်မှုစသည့် အခြေခံကောင်းများ တိုင်းရင်းသားပြည်သူများတွင် ကိန်းအောင်းထွန်းကားပြန့်ပွားနေခြင်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်စေသည့် အားများပင်ဖြစ်သည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လက်တွဲကြိုးပမ်း ဆောင်ရွက်မှုများကြောင့် တစ်နိုင်ငံလုံးရှိ နယ်စပ်ဒေသများ၊ မြို့ပြနှင့်ကျေးလက်ဒေသများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူများသည် မိမိတို့ဒေသအတွင်းရှိ မြို့နယ်များနှင့် ရပ်ကွက်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပြီဖြစ်သည်။

ဆက်လက်၍ ကျေးရွာနှင့်မြို့များလမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ ကျေးရွာများတွင် စိုက်ပျိုးရေနှင့် သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေး၊ ကျေးလက်ပညာရေး အဆင့်အတန်းတိုးတက် မြင့်မားရေး၊ ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝရရှိပြီး ကျန်းမာရေး အဆင့်အတန်း မြင့်မားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး ကျေးလက်စီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်မီးလင်းရေးတို့ကို နိုင်ငံတော်နှင့် ဒေသခံပြည်သူများ အတူပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်နှင့်လက်တွဲ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စားအုန်းဆီစိုက်ကေများ တိုးချဲ့သွားရန် အင်ဒိုနီးရှားသမ္မတ တောင်သူများအားတိုက်တွန်း

ဂျကာတာ ဖေဖော်ဝါရီ ၁

အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချမှု အများဆုံးဖြစ်လာပြီးနောက် နိုင်ငံအတွင်း စားအုန်းဆီစိုက်ဧရိယာများ တိုးချဲ့ရန် သမ္မတ ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုက သောကြာနေ့တွင် ဆူမတ္တရားတောင်ပိုင်းသို့ လာရောက်လည်ပတ်စဉ် ဒေသဆိုင်ရာတောင်သူများအား တိုက်တွန်းပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံရှိ ဒေသအတော်များများသည် စားအုန်းဆီစိုက်ပျိုးရန် ဖြစ်ထွန်းမည့် အလားအလာ များစွာရှိကြောင်း၊ ၎င်းသည် ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများက အခွင့်အလမ်းတစ်ရပ်ကို ဆောင်ရွက် လုပ်ကိုင်နိုင်လိမ့်မည် ဖြစ်ကြောင်းသမ္မတ၏ ပြောကြားချက်ကို ဒေသ ဆိုင်ရာ သတင်းစာ တစ်စောင်က ရေးသားဖော်ပြသည်။

ကမ္ဘာ့အကြီးဆုံး

မလေးရှားနှင့် အင်ဒိုနီးရှားသည် ၂၀၀၄ခုနှစ်က စားအုန်းဆီထုတ်လုပ်သူများနှင့် တင်ပို့ ရောင်းချသူများ (စီပီအို)၏ ကမ္ဘာ့အကြီးဆုံး စားအုန်းဆီ ထုတ်လုပ်သည့် နိုင်ငံများဖြစ်ခဲ့ကြသည်။

ထုတ်လုပ်ခဲ့

မလေးရှားနိုင်ငံ၏ ယခင်နှစ်က စားအုန်းဆီ ထုတ်လုပ်မှုမှာ တန်ချိန် ၁၃ဒသမ ၉သန်း ရှိချိန်တွင် အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီ တန်ချိန် ၁၁ဒသမ ၈သန်းထုတ်လုပ်ခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် စားအုန်းဆီတန်ချိန် ၁၁ဒသမ ၆သန်း ထုတ်လုပ်ကာ ၇ဒသမ ၈သန်း တန်ချိန် တင်ပို့ရောင်းချရန် မျှော်မှန်းထားကြောင်း၊ အိန္ဒိယနှင့် တရုတ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီ အများဆုံး တင်သွင်းသည့် နိုင်ငံများ ဖြစ်ကြောင်း၊ ယင်းနိုင်ငံများသည် ဟင်းသီးဟင်းရွက်ဆီများကို သုံးစွဲနေရကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အိုင်ဗရီကိုစ့်နိုင်ငံ၌ တရုတ်ဘာသာဖြင့် သတင်းစာထုတ်ဝေ

အဘစ်ဂျန် ဖေဖော်ဝါရီ ၁

အိုင်ဗရီကို့စ်နိုင်ငံရှိ အဘစ်ဂျန်မြို့တွင် တရုတ်ဘာသာဖြင့် ဗိုက်စ်အော့ဖ်ချိုင်းနိစ် သတင်းစာကို သောကြာနေ့က ပထမဆုံး စတင်ထုတ်ဝေခဲ့ရာ အိုင်ဗရီကို့စ်နိုင်ငံ၌ ရှိနေကြသော တရုတ်လူမျိုးများ တရုတ်ယဉ်ကျေးမှုကို ပိုမိုကောင်းမွန်စွာ နားလည်စေရန် လမ်းကြောင်းသစ်တစ်ခုကို လမ်းဖွင့်ပေးလိုက်သည်ဟု ဆင်ဟွာက ယနေ့သတင်းဖော်ပြသည်။

ရည်ရွယ်

အဆိုပါ တရုတ်သတင်းစာကို အိုင်ဗရီကို့စ်ရှိ တရုတ်လူမျိုးများအဖွဲ့ချုပ်က ကြီးမှူးထုတ်ဝေခြင်းဖြစ်သည်။ ယခုထုတ်ဝေသော တရုတ်သတင်းစာသည် တရုတ်ယဉ်ကျေးမှုတိုးတက်စေရန် ရည်စူးကြောင်း၊ တရုတ်နှင့် အိုင်ဗရီကို့စ်နိုင်ငံတို့၏ ယေဘုယျအခြေအနေကို သတင်းထုတ်ပြန်ရန်ရည်ရွယ်ကြောင်း သတင်းစာက ရေးသားသည်။

ဖော်ပြမည်

သတင်းစာကို လစဉ်ထုတ်ဝေမည်ဖြစ်ပြီး တရုတ်နှင့် အိုင်ဗရီကို့စ်နိုင်ငံတို့ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှုသမိုင်းကြောင်းနှင့် ခရီးသွားလုပ်ငန်းတို့ကို ဖော်ပြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

တိဗက်ဒေသ၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး ၂၀၀၄ခုနှစ်အတွင်း ဒေါ်လာသန်း ၂၀၀ကျော် စံချိန်တင်ရရှိ

လာဆာ ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံ၏ တိဗက်ဒေသသည် ၂၀၀၄ခုနှစ်အတွင်း၌ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၃သန်း စံချိန်တင်ရရှိခဲ့ရာ ယခင်နှစ်ကထက် ၃၈ဒသမ ၇ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

၂၀၀၄ခုနှစ် တစ်လျှောက်လုံး တိဗက်ဒေသသည် အမေရိကန်ဒေါ်လာသန်း ၁၃၀ ဖိုးတင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၉၃ သန်းဖိုး တင်သွင်းခဲ့ရာ ၂၀၀၃ ခုနှစ်ကထက် ၆ ဒသမ ၉ရာခိုင်နှုန်းနှင့် ၁၃၆ ဒသမ ၇ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်ဟု ဒေသဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးဌာနညွှန်ကြားရေးမှူး တန်ယန်ကောက ပြောကြားသည်။

တိုးမြှင့်

အထွေထွေကုန်သွယ်မှုမှာ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၂သန်းရှိရာ ပို့ကုန်တန်ဖိုးဒေါ်လာ ၄၄သန်းနှင့် သွင်းကုန်တန်ဖိုး ၈၈သန်း အပါအဝင်ဖြစ်သည်ဟု လာဆာမြို့တွင် ကျင်းပသော ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းအစည်းအဝေး၌ တန်ယန်ကောက ပြောကြားသည်။ ထို့ပြင် တိဗက်ဒေသသည်ပြည်တွင်းဖြစ် ထုတ်ကုန်ဒေါ်လာ ၂၇ဒသမ ၇၂သန်းဖိုး တင်ပို့ခဲ့ရာ တစ်နှစ်ထက် တစ်နှစ် ၁၁၀ဒသမ ၄၇ရာခိုင်နှုန်း တိုးမြင့်ခဲ့ပြီး ၂၀၀၄ခုနှစ်တွင် စုစုပေါင်း ပို့ကုန်တန်ဖိုး၏ ၂၁ဒသမ ၃ရာခိုင်နှုန်း ဖြစ်သည်ဟု ဆိုသည်။

ပါဝင်

၂၀၀၄ခုနှစ်အတွင်း၌ တိဗက်ဒေသသည် နယ်စပ်ကုန်သွယ်ရေး၌ ဒေါ်လာ ၉၀ဒသမ ၆၆သန်း ရရှိခဲ့ရာ ယခင်နှစ်ကထက် ၁၇ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ယင်းတွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၈၅ဒသမ၆သန်းနှင့် သွင်းကုန်တန်ဖိုး ဒေါ်လာ ၈၅ဒသမ ၆သန်း ပါဝင်သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra အား ဖေယျာသီရိဗိမာန်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Suphot Dhira Kaosal နှင့် စစ်သံမှူး Col. Prissapa Suvanatat တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုကဗျာ

ပြည်ထောင်စုစိတ်ဓာတ်

❑ ငါတို့သည်လျှင် .....
တစ်ပြည်ထောင်ဖွား၊ ညီနောင်များတည့်
စကားဆိုတင်း၊ ငြင်းလိုငြင်းလည်း
ငြင်းတုန်းခဏ၊ ပြေပျောက်ကြကာ
ရန်စမီးပွား၊ မကြီးမားဘဲ
ဆီးတားဖျက်ချေ၊ မေတ္တာရေဖြင့်
အရှည်မျှော်တွေး၊ ငြိမ်းချမ်းရေးကို
မြတ်လေးယုံကြည်၊ တည်ဆောက်သည်လျှင်
ပြည်ထောင်စုသား မို့တကား။

❑ ငါတို့သည်လျှင် .....
ပြည်ပတိုင်းသား၊ လူမျိုးခြား၏
စော်ကားဖိနှိပ်၊ ရှေးအတိတ်ကို
ဖိနှိပ်မခံ၊ လွတ်ကြောင်းဖန်လျက်
မြန်မာပြည်ကြီး၊ ခံ့ထည်ဟည်းရန်
စုစည်းဆောက်တည်၊ တွဲလက်ညီသည်
ပြည်ထောင်စုသား မို့တကား။

❑ သြော် –
"ပြည်ထောင်စုသား"
"ပြည်ထောင်စုအား"
"ပြည်ထောင်စုဓား"
ဝင့်ကြွားပိုင်ပိုင်၊ တွဲလက်ခိုင်၍
နိုင်ငံ့ဂုဏ်ရည်၊ စွမ်းဆောင်တည်ကာ
တစ်ပြည်သားအောက်၊ ဒို့မရောက်အောင်
သပေါက်ကျွန်အဖြစ်၊ နှံမနစ်အောင်
မျိုးချစ်ပီပီ၊ စည်းလုံးညီသည်
ပြည်ထောင်စုသား ဒို့စိတ်ဓာတ်။
မျိုးဂုဏ်မြှင့်၍ ဝင့်မည်မှတ်။
နေလိုလလို ဝင်းဝင်းလျှပ်။ ။

ခွန်ရဲသွေး(အေးသာယာ)

မြန်မာ့ရုပ်မြင်သံကြား

၂-၂-၂၀၀၅
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ ဘော်ဘင်ရေလှောင်တမံ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Let's Go
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၂၅ ၇။ သီချင်းကြီးပဒေသာ
၁၇း၄၀ ၈။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၁၇း၅၅ ၉။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်**
၁၈း၁၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၂၀ ၁၁။ Discovery
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
၁၉း၂၀ ၁၅။ ဒီဇယ်ဓာတ်ဆီပြောင်းသုံးမည် အကျိုးများသည့် CNG
၁၉း၃၅ ၁၆။ **(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်**
၁၇။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ "ဖားစည်သံဝေ ကရင်တို့ဌာနေ"**
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ယဉ်ကျေးမှုဝန်ကြီးဌာန နှစ်(၅၀)ပြည့် အထိမ်းအမှတ်ဖျော်ဖြေရေးအစီအစဉ်
၂၂။ မမှောင်သောအလင်း (အပိုင်း–၈) **"ငြိမ်းချမ်းခြင်း၏အခြားမဲ့၌"** (ဖိုးသောကြာ၊ ဇျိုက်၊ ဇော်ဦး၊ ထွန်းထွန်းဝင်း၊ စိုင်းအောင်တင့်၊ ရတနာခင်၊ စမ်းစမ်းအေး၊ ခင်မို့မို့အေး၊ အဂ္ဂချို) (ဒါရိုက်တာ– သက်တင်)
၂၃။ နောက်တစ်နေ့အစီအစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။
(သတင်းစဉ်)

● *ကျောဖုံးမှ*

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့အလေးပြုခြင်းခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော်ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်သို့သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) တပ်မတော်ဧည့်ဂေဟာသို့ ဆက်လက်ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပုညာရာမဆရာတော် တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း သာကေတမြို့ ပုညာရာမ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဖေဖော်ဝါရီ ၂၀ရက်မှ မတ် ၁ ရက်အထိ ၁၀ ရက်တရားစခန်းကို ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပုညာနန္ဒကျေးဇူးရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်သစ္စာတရားများကို ဟောကြားမည်ဖြစ်ရာ စခန်းဝင်လိုသော ယောဂီများ ဖေဖော်ဝါရီ ၁၉ ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထောက်ပံ့လျက်ရှိသည့် စေတနာ့ဝန်ထမ်းအဖွဲ့ အစည်းများသို့ စေတနာရှင်များက ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင်ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ထံအလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ငွေလှူဒါန်း ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတက်ရောက် လက်ခံရယူ

ရန်ကုန် ဖေဖော်ဝါရီ ၁

လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုသော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ စေတနာရှင်များက ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်တွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာနက အသိမှတ်ပြုထားသောစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ စေတနာရှင်များက ပထမအကြိမ်အဖြစ် အလှူငွေများပေးအပ်ရာဒေါ်ကြင်မွှေးမိသားစု အမှတ်(၁၁) ရှမ်းလမ်း စမ်းချောင်းမြို့နယ်က ငွေကျပ် ၂၀၄၀၀၀၀၊ ဒေါ်မြရင်မိသားစု အမှတ်၆(အေ) အင်းလျားရိပ်သာ မရမ်းကုန်းမြို့နယ်က ငွေကျပ် ၁၀ သိန်း၊ ဦးကိုကိုအောင်-ဒေါ်နီနီတိုး (၁၁)ရပ်ကွက် လှိုင်မြို့နယ်က ငွေကျပ် သုံးသိန်း၊ ဦးတင်မောင်ဝင်း-ဒေါ်ရူပါမြင့်(ILBC)က ငွေကျပ်နှစ်သိန်း၊ ဦးစံသိမ်း-ဒေါ်တင်တင် ရေတာရှည်ရပ်ကွက် ဗဟန်းမြို့နယ်က ငွေကျပ် တစ်သိန်း၊ ဒေါက်တာစိုးသိန်း-ဒေါက်တာသန်းနုရွှေ (ဆေးသုတေသန ဦးစီးဌာန)က ငွေကျပ် ၅၀၀၀၀၊ ဒေါ်ခင်ပြုံးရီ ဗဟိုလမ်း တာမွေမြို့နယ်က ငွေကျပ် ၆၀၀၀၊ စုစုပေါင်း ငွေကျပ် ၃၆၉၆၀၀၀ ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပထမအကြိမ်လှူဒါန်း

အဆိုပါ လှူဒါန်းငွေများကိုလူငယ်ပရဟိတဂေဟာ၊ စေတနာ့ဝန်ထမ်းအမျိုးသမီးကျောင်း၊ ဘိုးဘွားရိပ်သာ၊ မသန်စွမ်းကျောင်း စုစုပေါင်း ၂၀၄ ခုရှိ ကလေး၊ လူငယ်၊ အမျိုးသမီး၊ ဘိုးဘွားနှင့် မသန်စွမ်းသူ ၁၇၀၀၀ ကျော်တို့အတွက်လိုအပ်သောတစ်နှစ်စာ ဆန်ဖိုးတစ်စိတ်တစ်ဒေသကို ပထမအကြိမ်အဖြစ် လှူဒါန်းခြင်းဖြစ်သည်။

ဒုတိယအကြိမ် ငွေလှူဒါန်းပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်း ဖုန်း-၆၆၂၅၉၁၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဝင်း ဖုန်း-၆၆၂၅၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

လုမ္ဗိနီရင်ခွင်ပိုက် သာသနာပြုသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁

အသက်သုံးနှစ်မှငါးနှစ် အတွင်းရင်သွေးငယ်များ ဗုဒ္ဓဘာသာဝင်ကောင်းဖြစ်လာစေရေးနှင့် ဗုဒ္ဓအဆုံးအမများ အခြေခံသိရှိနိုင်စေခြင်းငှာ 'ကလေးများ၏ နှလုံးသားတွင်ဘုရားတည်'ဆောင်ပုဒ်ဖြင့် လုမ္ဗိနီရင်ခွင်ပိုက် သင်တန်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် ၂၂၂ ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြု အဖွဲ့ချုပ် သာသနာ့ဗိမာန်တော်၌ ဖွင့်လှစ်လျက်ရှိရာ ဖုန်း-၅၄၁၉၄၃သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့်အဖွဲ့အား ဇေယျာသီရိပိမာန်၌လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့်အဖွဲ့အား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိပိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Col. Prissapa Suvanatat တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂-၂-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The rise and Development of the novel (တတိယနှစ်အင်္ဂလိပ်စာအထူးပြု)
၅း၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အင်တာနက်ချစ်သက်လျာ”** (အပိုင်း-၈)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ °English Premier° League ဘောလုံးပွဲ Arsenal °Vs °Manchester United (delay)

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းအခမ်းအနား မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီမိနစ် ၄၀ တွင် မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာ၌ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များ၊ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၁၁၀၀၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောငွေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မလှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီလွင်၊ မိတ္ထီလာခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ဝင်း၊ မလှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မလှိုင်မြို့နယ် ရပ်မိရပ်ဖ ဦးကျော်သောင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဝင်းသီတာကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန္တာထွန်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနား တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

စာမျက်နှာ ၆ ကော်လံ ၂ သို့

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံ အား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာ၌ကျင်းပရာ သဘာပတိ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောငွေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြိုဆိုထောက်ခံခြင်းအခမ်းအနားကျင်းပ

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျောက်တန်း စံပြကျေးရွာ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့်ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Suphot Dhira Kaosal၊ စစ်သံမှူး Col.Prissapa Suvanatat နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ၌ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အကတို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ကံထူးရှင်များ ပေါ်ထွက်

ရန်ကုန် ဖေဖော်ဝါရီ ၁

(၁၉၃)ကြိမ်မြောက် ၅၀ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့်ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း၃၀၀
အထူးဆုကြီး

ဍ-၆၉၀၆၅၉

ကျပ်သိန်း၅၀ဆုများ

က-၄၂၀၂၄၆	ဈ-၄၁၃၆၆၀
င-၇၄၄၄၁၉	ဒ-၈၆၈၉၁၈
ဖ-၆၃၉၅၂၃	င-၄၃၂၃၆၃
သ-၁၉၇၀၄၃	ကဂ-၈၂၀၆၆၅
ဂ-၆၁၄၂၃၃	ပ-၉၈၃၉၇၄

ကျပ်၂၅သိန်းဆုများ

တ-၂၆၁၅၀၇	ကခ-၇၄၂၅၇၄
ဗ-၅၇၂၇၆၃	ဍ-၅၂၀၃၀၄
ဍ-၁၅၃၇၀၁	မ-၇၇၄၂၇၄
ယ-၂၁၄၆၆၉	၎-၇၃၂၇၉၉
ဟ-၉၆၈၇၈၅	ရ-၆၉၂၅၂၈
ဃ-၆၁၅၄၁၃	ဍ-၇၆၀၅၂၇

ကျပ်သိန်း၅၀(မင်္ဂလာစုံတွဲ)

ဆုများ

န-၃၉၉၃၆၈	ဓ-၅၂၉၄၇၂
ပ-၇၃၀၅၈၇	ဃ-၉၃၉၆၁၆
ဌ-၄၅၆၃၃၇	ဖ-၁၃၄၇၀၀
ဋ-၁၃၀၈၆၆	ဆ-၆၈၄၈၀၈
ကဂ-၁၅၂၆၉၇	ဆ-၄၆၂၉၉၇
ဗ-၁၇၃၄၇၂	န-၄၃၉၂၇၀
ပ-၃၅၁၄၃၅	၎-၁၇၆၂၃၀
ဖ-၅၃၃၅၃၂	သ-၇၃၁၅၄၉
လ-၈၇၃၃၉၂	ဘ-၈၇၇၉၅၅
ဌ-၄၆၀၅၄၆	

(သတင်းစဉ်)

သာယာမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

၂၀၀၅ခုနှစ်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၅ မှ ၁၆-၂-၂၀၀၅

အချိန် – နံနက် ၉း၀၀ နာရီမှ ညနေ ၁၇း၀၀ နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

ရွှေပြည်ဟိန်း ဆရာတော်ဓမ္မခရီး

ရန်ကုန် ဖေဖော်ဝါရီ ၁

စစ်ကိုင်းတောင်ရိုး ရွှေကျောင်းနှင့် ရန်ကုန်မြို့ ရွှေပြည်ဟိန်းကျောင်း ဆရာတော် သီတဂူကြာတစ်ပွင့် အရှင်ခေမာသိရီလင်္ကာရသည် ဖေဖော်ဝါရီ ၃ ရက်ညတွင် သက္ကလရွာ ဓမ္မဘဏ္ဍာဂါရိကဆောင်ဖွင့်ပွဲ ၄၊ ၅ ရက်ညတွင် ငါးသိုင်းချောင်းမြို့၊ ၆ ရက်တွင် မြောက်ဥက္ကလာပ (ည) ရပ်ကွက်၊ ၇၊ ၈ ရက်တွင် မော်လမြိုင်ကျွန်းမြို့၊ ၉၊ ၁၀ ရက်တွင် မြောင်းမြ ဂါတ်စုရွာ၊ ၁၁ ရက်တွင် လှိုင်သာယာ၊ ၁၂ ရက်ည မြေနီကုန်းဓမ္မာရုံ၊ ၁၃ရက်ည မန္တလေးမြို့ ပရိယတ္တိအသင်း၊ ၁၄၊ ၁၅ ရက်ညများတွင် ၉၂လမ်း ကန်တော်ကလေး (တောင်ပိုင်း)တို့သို့ ဓမ္မခရီးကြွရောက်မည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

စာမျက်နှာ(၅)မှ

ထို့နောက် သဘာပတိ မိတ္ထီလာခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေးက အမှာစကားပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

ဆက်လက်၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးစိုးသိမ်းကလည်းကောင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဒေါ်ကြူကြူမော်ကလည်းကောင်း၊ မိတ္ထီလာခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ဇော်ကလည်းကောင်း တင်ပြဆွေးနွေးကြပြီး တင်ပြချက်များအပေါ် ဝမ်းတွင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမောင်မောင်ဦးက ထောက်ခံဆွေးနွေးတင်ပြသည်။

ပေးအပ်

ထို့နောက် မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များအတွင်းရှိ ပြုပြင်ရန်လိုအပ်သော စာသင်ကျောင်း လေးကျောင်း ပြင်ဆင်ရန် တတိယအကြိမ် ငွေကျပ်၁၈သိန်းနှင့် မလှိုင်မြို့နယ်ကျောက်တန်းစံပြကျေးရွာ ဓီဝဓာတ်ငွေ့သုံး လျှပ်စစ်မီးလင်းရေးအတွက် ရန်ပုံငွေကျပ်၁၀သိန်း စုစုပေါင်း ငွေကျပ်၂၈သိန်းကို မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ဇော်က မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးရွှေနန်းသို့ ပေးအပ်သည်။

ယင်းနောက် သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ အတည်ပြုချက် ရယူပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် အောင်မြင်စွာရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးသိမ်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ သာစည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကြူကြူမော်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မိတ္ထီလာခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ဇော်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအဖွဲ့အစည်းများမှ လေ့လာရေးအဖွဲ့များ ဘေးဖြစ်ပွားမှု အခြေအနေမှန်များ လေ့လာခဲ့ကြ ယူနီဆက်က ၎င်းတို့အနေဖြင့် သတင်းများမှားယွင်းဖော်ပြခဲ့မှုအတွက် ဝမ်းနည်းကြောင်း အကြောင်းကြားလာ

ရေအောက်မြေငလျင် လှုပ်ရှားမှုဖြစ်ပေါ်ခဲ့ကြောင်း၊ မြေငလျင်၏ ဗဟိုချက်မှာ ၃ဒသမ၃၁ဒီဂရီမြောက်၊ ၉၅ဒသမ ၈၇ဒီဂရီအရှေ့၊ မြောက်စုမတြားကျွန်းစွယ်၏ အနောက်ဘက်ကမ်းလွန် ပင်လယ်ပြင်တွင်ဖြစ်ပြီး ငလျင်လှုပ်ချိန်မှာ နံနက် ၇နာရီ ၂၈မိနစ် ၅၃ စက္ကန့်ဖြစ်ကြောင်း၊ ၎င်းငလျင်သက်ရောက်မှု မြန်မာနိုင်ငံသို့ ရောက်ရှိချိန်မှာ နံနက် ၇နာရီ ၃၂မိနစ်တွင် ဖြစ်ကြောင်း၊ နောက်ဆက်တွဲငလျင်များမှာ ဇန်နဝါရီ ၁၄ ရက်အထိ ၂၆၅ ကြိမ် လှုပ်ရှားခဲ့ပြီး မြောက်ဘက်အရောက်ဆုံးဗဟိုချက်မှာ ၁၃ ဒသမ ၇၄ဒီဂရီ မြောက်၊ ၉၂ဒသမ၉၉ဒီဂရီ အရှေ့၊ ကိုကိုးကျွန်း၏ အနောက်တောင်ဘက် မိုင်၆၀ခန့် အကွာသို့ ရောက်ရှိခဲ့ကြောင်း၊ နောက်ဆက်တွဲငလျင်များအနက် ဒုတိယအင်အားပြင်းငလျင်မှာ ၇ ဒသမ၁ရစ်ချ်တာစကေးဖြစ်ပြီး နီကိုဘာကျွန်းများအနီးတွင် လှုပ်သွားခြင်းဖြစ်ကြောင်း။

ထိုငလျင်ဒဏ်ကြောင့် ငလျင်ရေလှိုင်းများဖြစ်ပေါ်ခဲ့ပြီး ငလျင်ရေလှိုင်းများသည် အရှေ့ဘက်သို့ ထိုင်းနိုင်ငံ(ဖူးကက်)၊ အနောက်ဘက်သို့ ဆိုမာလီယာနိုင်ငံအထိ ရောက်ရှိခဲ့ကြောင်း။

မြေထုချပ်လျှော၀င်ဇုန်နှင့် ငလျင်အကြိမ်ကြိမ်လှုပ်ရှားဖြစ်ပေါ်ပုံအရ တောင်ဘက် ၂ဒီဂရီနှင့် မြောက်ဘက် ၁၄ဒီဂရီတွင်သာ လှုပ်ရှားခဲ့ကြောင်း။

နောက်ဆက်တွဲ ငလျင်များနှင့် လှုပ်ရှားခဲ့သည့်နေရာများမှာ ကိုကိုးကျွန်း အနောက်တောင်ဘက် မိုင်၆၀ ခန့်အထိသာ ရောက်ခဲ့ကြောင်း၊ ကိုကိုးကျွန်းနှင့်မော်တင်စွန်းအကြား မော်တင်စွန်းမှ ရခိုင်အနောက်ဘက် ကမ်းလွန်ပင်လယ်ပြင်တို့အား မြေငလျင်လှုပ်ရှားမှုအခြေအနေ ဆက်လက်လေ့လာရန် လိုအပ်မည်ဖြစ်ကြောင်း။

အနည်းငယ်ထိခိုက်ပျက်စီး

ငလျင်နှင့် ငလျင်ရေလှိုင်းကြောင့် ထိခိုက်ခဲ့သောနေရာများမှာ ရခိုင်ပြည်နယ်တွင် မြေပုံ၊ ကျောက်ဖြူ၊ ဧရာဝတီတိုင်းတွင် ပြင်စလူ၊လပွတ္တာ၊ ပုတော၊ ကိုင်းတောင်၊ တနင်္သာရီတိုင်းတွင် ပုလုံတုံးတုံးတို့ဖြစ်ကြပြီး အဆောက်အအုံချို့ အနည်းငယ် ထိခိုက်ပျက်စီးမှုရှိကြောင်း။

ငလျင်ရေလှိုင်းကြောင့် မြန်မာနိုင်ငံတွင် တက်ရောက်ခဲ့သည့် ရေအမြင့်မှာ သုံးပေမှ ခုနစ်ပေအထိ ရှိသည်ကိုတွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဆူနာမီရေလှိုင်းဒဏ် အနည်းငယ်သာ သက်ရောက်မှုရှိသဖြင့် အသေအပျောက်၊ အပျက်အစီး၊ အဆုံးအရှုံးလည်း နည်းပါးကြောင်း။

မှတ်တမ်းတင်ဓာတ်ပုံများအရငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများနှင့် ကော့သောင်းအနီး ပုလုံတုံးတုံး၊ အော်ကြီးတစ်ဝိုက်တွင်ငလျင်လှိုင်းနှင့်ဒီလှိုင်း အနည်းငယ် ဝင်ရောက်ခဲ့ကြောင်း။

ရခိုင်ကမ်းရိုးတန်း တစ်လျှောက်ထူးခြားချက်မှာ ရေရှစ်ပေခန့် ကျဆင်းသွားသည်ကို သတိပြုမိသည်မှအပ ချောင်းသာ၊ ငွေဆောင်ကမ်းခြေများတွင် ထိခိုက်မှုမရှိကြောင်း၊ အလားတူ အန်ဒမန်ကျွန်းမြောက်ဘက်ရှိ ကိုကိုးကျွန်းမှာလည်း ထိခိုက်ပျက်စီးမှုမရှိကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၅)တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြန်လည် ကျင်းပမည့် အမျိုးသားညီလာခံနှင့်ပတ်သက်ပြီး ဆောင်ရွက်ထားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

✡ ကျောဖုံးမှ

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖေဖော်ဝါရီလ ၁၇ ရက်၌ ပြန်လည်စတင်ကျင်းပမည့်အမျိုးသားညီလာခံနှင့် ပတ်သက်၍ ဆောင်ရွက်ထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ မိမိတို့ သတင်းထုတ်ပြန်ရေးအဖွဲ့အနေဖြင့် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်စတင်ကျင်းပမည့် အမျိုးသားညီလာခံနှင့် ပတ်သက်ပြီး ဆောင်ရွက်ထားမှုအခြေအနေ၊ ၂၆-၁၂-၂၀၀၄ရက်နေ့က ငလျင်လှုပ်၍ ဖြစ်ပေါ်ခဲ့သည့် ဆူနာမီ ရေလှိုင်းဒဏ်ကြောင့် မြန်မာနိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှုနှင့် ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများ၏ အဖျက်အမှောင့် ဆောင်ရွက်မှု အခြေအနေများကို သတင်းစာဆရာကြီးများမှတစ်ဆင့် ပြည်သူများကို ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပထမဦးစွာ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည် စတင်ကျင်းပတော့မည့် အမျိုးသားညီလာခံအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို တင်ပြမည်ဖြစ်ကြောင်း။

ထပ်မံကျင်းပခဲ့

သတင်းစာဆရာကြီးများ သိပြီးဖြစ်သည့်အတိုင်း ၁၉၉၃ခုနှစ်က စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံကို အကြောင်းအမျိုးမျိုးကြောင့် ၁၉၉၆ ခုနှစ် မတ်လ၃၁ ရက်နေ့တွင် ယာယီအားဖြင့် ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း၊ သို့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေးမျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ တိုင်းရင်းသားပြည်သူများ၏ လိုလားချက်နှင့် အကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားညီလာခံ အပိုင်းတစ်ပိုင်းကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ ထပ်မံကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ၁၉၉၃-၉၆ အမျိုးသားညီလာခံက ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်အခြေခံမူ ၁၀၄ ချက်နှင့် အသေးစိတ်အခြေခံရမည့်မူတချို့ကို တညီတညွတ်တည်း ချမှတ်အတည်ပြုနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အသေးစိတ်အခြေခံရမည့် မူတချို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးဖြစ်ကြောင်း။

ယခုတစ်ဖန် လယ်ယာသီးနှံများရိတ်သိမ်း ခြွေလှေ့ပြီးချိန် ရောက်ပြီဖြစ်၍ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် အမျိုးသားညီလာခံ အပိုင်းတစ်ပိုင်းကို ပြန်လည်စတင်ကျင်းပရန် အမျိုးသားညီလာခံ ကော်မရှင်က ကြေညာထားပြီး ဖြစ်ကြောင်း၊ ညီလာခံကိုယ်စားလှယ်များထံသို့လည်း ဇန်နဝါရီ ၁၅ ရက်နေ့မှစပြီး ဖိတ်စာများပေးပို့ထားပြီးဖြစ်ကြောင်း၊ညီလာခံကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၁၅ရက်နေ့ထက် နောက်မကျဘဲ အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင် စခန်းသို့ သတင်းပို့ကြရမည်ဖြစ်ကြောင်း၊ ဖိတ်ကြားထားပြီးသည့် အမျိုးသားညီလာခံကိုယ်စားလှယ်စာရင်းကို တင်ပြရလျှင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၂၉ ဦး၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ် ၁၃ ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ၆၃၃ ဦး၊ တောင်သူလယ်သမား ကိုယ်စားလှယ် ၉၃ ဦး၊ အလုပ်သမားကိုယ်စားလှယ် ၄၈ ဦး၊ အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ် ၅၆ဦး၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ် ၁၀၉ဦး၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့နဲ့ အခြားအဖွဲ့များမှ ကိုယ်စားလှယ် ၁၀၅ဦး စုစုပေါင်း ၁၀၈၆ ဦးဖြစ်ကြောင်း။

ထိုသို့ ဖိတ်ကြားရာတွင် အမျိုးသားညီလာခံကော်မရှင်အနေဖြင့် ၂၀၀၄ ခုနှစ် မေလ၁၇ရက်မှ ဇူလိုင်လ ၉ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံကို တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်စာရင်းအတိုင်းဖိတ်ကြားခဲ့သည်ဟု သိရကြောင်း။

တိုင်းရင်းသားကိုယ်စားလှယ်

ဖိတ်ကြားခဲ့သည့် စာရင်းကိုပြန်ကြည့်လျှင် တိုင်းရင်းသား ကိုယ်စားလှယ်ပေါင်း ၆၃၃ ဦးရှိသည်ကို တွေ့ရကြောင်း၊ ပြည်နယ်တိုင်းအလိုက် အသေးစိတ် ခွဲခြားဖော်ပြရမည်ဆိုလျှင် ကချင်ပြည်နယ်မှ ၄၁ ဦး၊ ကယားပြည်နယ်မှ ၁၉ ဦး၊ ကရင်ပြည်နယ်မှ ၂၆ ဦး၊ ချင်းပြည်နယ်မှ ၁၃ ဦး၊ စစ်ကိုင်းတိုင်းမှ ၆၁ ဦး၊ တနင်္သာရီတိုင်းမှ ၁၅ ဦး၊ ပဲခူးတိုင်းမှ ၅၀၊ မကွေးတိုင်းမှ ၄၄ ဦး၊ မန္တလေးတိုင်းမှ ၅၆ဦး၊ မွန်ပြည်နယ်မှ ၃၇ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ဦး၊ ရန်ကုန်တိုင်းမှ ၆၇ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ၄၆ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ၃၉ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ၂၉ဦးနှင့် ဧရာဝတီတိုင်းမှ ၅၄ ဦး စုစုပေါင်း ၆၃၃ဦး ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ပြည်နယ်၊တိုင်းအနံ့မှ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်နေသည်ကိုတွေ့ရမည် ဖြစ်ကြောင်း၊ ထိုတိုင်းရင်းသားကိုယ်စားလှယ်များထဲတွင် မြန်မာနိုင်ငံ မြို့နယ်တိုင်းမှ အနည်းဆုံး ကိုယ်စားလှယ် တစ်ဦးစီ ပါဝင်နေကြောင်းကိုလည်း အသိပေး ဖော်ပြလိုကြောင်း။

ထို့အတူ တောင်သူလယ်သမားကိုယ်စားလှယ်၉၃ဦးကို ဖိတ်ကြားထားရာ ၎င်းတောင်သူလယ်သမားကိုယ်စားလှယ်များသည်လည်း မြန်မာနိုင်ငံ ပြည်နယ်၊တိုင်းအနံ့က ပါဝင်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ ထို့အပြင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၂၉ဦး၊ ရွေးကောက်ပွဲတွင် အရွေးချယ်ခံရသော ကိုယ်စားလှယ်၁၃ဦးတို့ကိုလည်း ဖိတ်ကြားထား၍ နိုင်ငံရေးပါတီများကိုလည်း ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ ပါဝင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့အတူ အလုပ်သမားကိုယ်စားလှယ်၄၈ဦး၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်၁၀၉ဦး၊ အသိပညာရှင်၊ အတတ်ပညာရှင်များကိုယ်စားလှယ် ၅၆ဦးနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နှင့် အခြားအဖွဲ့များ၏ကိုယ်စားလှယ်၁၀၅ ဦးတို့ကိုလည်း ဖိတ်ကြားထားရာ လူထုလူတန်းစားအလွှာစုံမှ ကိုယ်စားလှယ်ပေါင်းစုံ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေသည်ကို တွေ့ရမည် ဖြစ်ကြောင်း။

ပြည့်ပြည့်စုံစုံပါဝင်

ယခုလိုဖိတ်ကြားထားသည့်ညီလာခံကိုယ်စားလှယ်များ၏ ကိုယ်ရေးအချက်အလက်များကိုလည်း ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှာ စတင်ကျင်းပခဲ့သည့် ညီလာခံကတည်းက ကောက်ယူမှတ်တမ်းတင်ထားခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းစာရင်းမှတ်တမ်းများအရ အဆိုပါအမျိုးသားညီလာခံကိုယ်စားလှယ်များတွင် ပညာအရည်အချင်းအရ ကြည့်ပါက ပါရဂူဘွဲ့ရပြီးသူ၁၅ဦး၊ ဘွဲ့လွန်ရပြီးသူ ၅၄ဦး၊ ရိုးရိုးဘွဲ့ရသူ၆၀၀၊ ဒီပလိုမာဘွဲ့နှင့် အထက်တန်းပညာအောင်မြင်ပြီးသူ ၂၈၀ စုစုပေါင်း၉၄၉ဦး ရှိရာ ရာခိုင်နှုန်းအားဖြင့် ၈၇ဒသမ၄ရာခိုင်နှုန်း ပါဝင်လျက်ရှိကြောင်း၊ ကျန်ကိုယ်စားလှယ်များအနေဖြင့် အတန်းပညာ သတ်မှတ်ချက်မရှိသော်လည်း စာတတ်၊ပေတတ်၊ အတွေ့အကြုံ ဗဟုသုတကြွယ်ဝပြီး ဒေသက ကြည်ညိုလေးစားသည့် ပုဂ္ဂိုလ်များ ဖြစ်ကြကြောင်း။

ခြုံငုံတင်ပြရပါက အဆိုပါကိုယ်စားလှယ်များတွင် ပညာတတ်များ၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ ဥပဒေရေး၊ တရားစီရင်ရေး၊ တိုင်းရင်းသားရေး စသည့်ကဏ္ဍစုံတွင် အတွေ့အကြုံရင့်ကျက်၊ ဗဟုသုတကြွယ်ဝကြသည့်သူများ ပြည့်ပြည့်စုံစုံ ပါဝင်နေသည်ကို တွေ့ရကြောင်း။

ပြီးခဲ့သည့် အမျိုးသားညီလာခံကို တက်ရောက်ခဲ့ကြသည့် လူထုလူတန်းစား အလွှာရစ်လွှာမှ ကိုယ်စားလှယ်များ အနေဖြင့် ၂၀၀၄ခုနှစ် မေလက ကျင်းပခဲ့သည့် ညီလာခံတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း လွတ်လွတ်လပ်လပ် ဆွေးနွေးခဲ့ကြ၊ စာတမ်းများ တင်သွင်းခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ၂၀၀၄ခုနှစ် မေလက ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အစုအဖွဲ့အသီးသီးက စာတမ်းများ တင်သွင်းခဲ့ကြောင်း၊ အသေးစိတ်တင်ပြရလျှင်-

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့က နိုင်ငံရေးပါတီခုနစ်ခုမှ အကြံပြုချက်စာတမ်း ခုနစ်စောင်ကို ဇွန်လ ၂၄ရက်နှင့် ၂၅ရက်နေ့များတွင် ဖတ်ကြားတင်ပြခဲ့ကြောင်း။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က အကြံပြုချက်စာတမ်းငါးစောင်ကို ဇွန်လ၂၈ရက်နေ့တွင် ဖတ်ကြားတင်ပြခဲ့ကြောင်း။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က အကြံပြုချက်စာတမ်းတစ်စောင်ကို ဇွန်လ ၂၉ရက်နှင့် ၃၀ ရက်နေ့များတွင် ဖတ်ကြား တင်ပြခဲ့ကြောင်း။

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က အကြံပြုချက်စာတမ်း တစ်စောင်ကို ဇူလိုင်လ ၁ရက်နေ့တွင် ဖတ်ကြားတင်ပြခဲ့ကြောင်း။

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က အကြံပြုချက်စာတမ်း တစ်စောင်ကို ဇူလိုင်လ၂ရက်နေ့တွင် ဖတ်ကြား တင်ပြခဲ့ကြောင်း။

အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က အကြံပြုချက် စာတမ်းတစ်စောင်ကို ဇူလိုင်လ ၅ရက်နှင့်၆ရက်နေ့များတွင် ဖတ်ကြားတင်ပြခဲ့ကြောင်း။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က အကြံပြုချက်စာတမ်းတစ်စောင်ကို ဇူလိုင်လ၇ရက်နှင့် ၈ ရက်နေ့များတွင်ဖတ်ကြားတင်ပြခဲ့ကြောင်း။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က အကြံပြုချက် စာတမ်းတစ်စောင်ကို ဇူလိုင်လ ၉ ရက်နေ့တွင် ဖတ်ကြားတင်ပြခဲ့ကြောင်း။

ကြိုတင်ဆောင်ရွက်ထား

ယခု ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပမည့်ညီလာခံသို့ တက်ရောက်လာကြမည့် ကိုယ်စားလှယ်များအတွက်လည်း သွားရေး၊ လာရေး၊ ကြိုဆိုနေရာချထားရေး၊ နေထိုင်ရေး၊ ကျွေးမွေးညှော့ခံရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေရေး၊ ဆက်သွယ်ရေး၊ အားကစားအပါအဝင် ညောင်နှစ်ပင်စခန်းဝင်းအတွင်း သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေးကအစ အဘက်ဘက်က အဆင်ပြေကောင်းမွန်အောင် ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

ယခုဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံတွင် ၂၀၀၄ခုနှစ် မေလ ၁၇ရက်မှ ဇူလိုင်လ ၉ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံက ဆွေးနွေးညှိနှိုင်းခဲ့ကြသော ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများကိုအတည်ပြုကြမည်ဖြစ်ကြောင်း၊ ထို့အတူ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများရရှိအောင်လည်း ဆက်လက်ဆွေးနွေး ညှိနှိုင်းကြမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အင်အားပြင်းငလျင်

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် မြောက်စုမတြားကျွန်းအနောက်ဘက် ပင်လယ်ပြင်၌ ဖြစ်ပေါ်ခဲ့သော ငလျင်ကြောင့် ပေါ်ပေါက်ခဲ့သည့် ဆူနာမီငလျင်ရေလှိုင်းဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်နေ့ မြောက်စုမတြားကျွန်း ဘန်ဒါအာချေးမြို့၏ အရှေ့တောင်ယွန်းယွန်း ၁၅၅မိုင်ခန့်တွင် ပြင်းအားအဆင့် ၉ဒသမ၀ရှိ

2-2 (07).p65 1 3/24/05, 6:30 PM

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်နေသော ကယားပြည်နယ်

သီဟအောင်

ကယားပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့ပိုင်းတွင် တည်ရှိပြီး စတုရန်း မိုင်ပေါင်း ၄၅၃၀ကျယ်ဝန်းသည်။ ကယား၊ ကယန်း၊ မိုနို၊ကယော၊ ယင်းတလဲ၊ ဂေခို၊ ဂေဘားစသည့် တိုင်းရင်းသားလူမျိုးနွယ်စုများနှင့် ကချင်၊ ကရင်၊ ချင်း၊ ပအိုးဝ်၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ အင်းသားစသော တိုင်းရင်းသားများ အတူတကွပူးပေါင်း နေထိုင်ကြသည့် ပြည်ထောင်စုငယ် တစ်ခု အသွင်တည်ရှိနေသည်။ လက်ရှိ လူဦးရေ ၃၁၂၀၀၀ခန့်ရှိရာ လူနေ သိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၆၉ယောက်ဖြစ်သည်။

ကုန်းမြင့်ဒေသ၌ တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည်။ ရှမ်းကုန်း ပြင်မြင့်နှင့် ဆက်စပ်နေပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀မှ ၆၀၀၀အကြား မြင့်မားသည်။ မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေ

အသီးတစ်ရာ အညာတစ်ခု ဒို့ပြည်ထောင်စု



သောမြစ်အများစုသည် တောင်ကုန်းထူထပ်သောဒေသကို ဖြတ်သန်းရသဖြင့် ရေစီးသန်သည်။ အင်းလေးကန်မှ စတင်စီးထွက်လာသော ဘီလူးချောင်း စီးဆင်းရာ လွိုင်ကော်လွင်ပြင်တွင် မြေဩဇာကောင်းမွန်သော စိုက်ပျိုးမြေများရှိသည်။

၁၉၉၄ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့ (၄၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"စတင်တာဝန်ထမ်းဆောင်စဉ်ကစ၍ ယနေ့အထိ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ တိုင်းရင်းသားလူမျိုးများအရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ တောတွင်း အဖွဲ့အစည်းများအနေဖြင့် မိမိလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသော လက်နက်ကိုင်လမ်းစဉ်ကို အမြန်ဆုံး စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းသို့ သိက္ခာရှိရှိ ဝင်ရောက်ကာ ပြည်ထောင်စုကြီး၏ အကျိုး၊ မိမိလူမျိုး၏ အကျိုးကို အားသွန်ခွန်စိုက် သယ်ပိုးကြရန် အချိန်အခါကောင်းသို့ ရောက်လာနေပြီဖြစ်ကြောင်း"

လမ်းညွှန်မိန့်ကြားခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံသည် ငြိမ်းချမ်းရေးပင်ဖြစ်သည်။ တပ်မတော် အစိုးရသည် တောတွင်းအဖွဲ့အစည်းများ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်းဝင်ရောက်လာရန် လက်ကမ်းကြိုဆိုခဲ့သည်။ ယင်းသို့ မွန်မြတ်သော သဘောထားစေတနာမှန်ဖြင့် ဆောင်ရွက်နေခြင်းသည် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာစွာဖြင့် တိုင်းရင်းသားလူမျိုးများ အားလုံး ဆုကြဲနိမ့်မြင့် ကွာဟချက်မရှိ ပြိုင်တူဖွံ့ဖြိုးတိုးတက်စေရေးအတွက်ပင် ဖြစ်သည်။

ဤသို့ဖြင့် ကယားပြည်နယ်၌ ငြိမ်းချမ်းမှုရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု အလှများ ဝေဆာလာခဲ့သည်။ ကယားပြည်နယ်၏ ဖွံ့ဖြိုး တိုးတက်မှုအဖုံဖုံကို နှိုင်းယှဉ်လေ့လာနိုင်ရန်အတွက် ၁၉၈၈ခုနှစ် ကာလနှင့် မျက်မှောက်ခေတ် ဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်ကို လေ့လာတင်ပြအပ်ပါသည်။

စိုက်ပျိုးရေး

၁၉၈၈ခုနှစ်က ကယားပြည်နယ်သည် ဒေသဝမ်းစာဖူလုံမှုမရှိသော ပြည်နယ်တစ်ခုဖြစ်ခဲ့သည်။ တပ်မတော် အစိုးရလက်ထက်တွင် ကယားပြည် နယ်၏ စိုက်ပျိုးမြေအသွင်သဏ္ဌာန်ကို စိုက်ပျိုးရေရရှိရေး အစီအမံများဖြင့် ပြောင်းလဲတိုးတက်စေခဲ့သည်။

ဘော်လခဲမြို့နယ်၌ စိုက်ပျိုး မြေဧက ၁၀၀၀ကို အကျိုးပြုသည့် ဒေါတချ ရေလှောင်တမံကို ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ ဒီမောဆိုမြို့နယ်၌ စိုက်ပျိုးမြေဧက ၂၁၅၀ကို စိုက်ပျိုးရေပေးဝေသည့် လွိုင်နန်းဖ ရေထိန်းတမံကို ၂၀၀၂ခုနှစ်တွင်လည်းကောင်း တည်ဆောက်ဖွင့်လှစ်ပေး ခဲ့သည်။ ထိုမျှမကဘဲ မြစ်ရေတင်စီမံကိန်းများ၊ ချောင်း မြောင်းတမံပိတ်ဆို့မှုများဖြင့် စိုက်ပျိုးရေး အကျိုးပြု ဧရိယာ တိုးပွားအောင် ကြိုးစားလုပ်ဆောင်ပေးခဲ့သည်။

ဤသို့ဖြင့် ကယားပြည်နယ်၏ စိုက်ပျိုးရေးစွမ်းအား ဆပွားတိုးတက် လာခဲ့ကြောင်းကို အထက်ပါဇယားက ထင်ရှားစွာသက်သေပြနေပေသည်–

မွေးမြူရေးနှင့် ရေလုပ်ငန်း

တိရစ္ဆာန် မွေးမြူရေးကိုလည်း အားပေးခဲ့သဖြင့် ကယားပြည်နယ်တွင် အသားကဏ္ဍအတွက် တိရစ္ဆာန်မွေးမြူမှု အင်အား နှစ်ဆကျော် တိုးတက်လာ သည်။ ယခင်က ကောင်ရေ၅၄၅၀၀၀ သာရှိခဲ့ရာမှ ယခု ကောင်ရေ ၁၁၃၆၀၀၀ မွေးမြူလာနိုင်သည်။ ၁၉၈၈ခုနှစ် ကာလတွင် ကယားပြည်နယ်၌

တစ်ဧကအထွက်နှုန်း–တင်း
စုစုပေါင်းထုတ်လုပ်မှု–တင်း(ထောင်)

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
မြေသယံဇာတ			
– စိုက်ပျိုးမြေဧက	၁၁၅၇၉၁	၁၄၅၄၇၉	၂၉၆၈၈
– မြေလွတ်မြေရိုင်းဧက	၁၅၂၇၄၃	၈၂၁၂၃	–
စိုက်ပျိုးရေရရှိရေးကြိုးပမ်းမှု			
– ဆည်၊ကန်၊တာတမံ၊ရေနုတ်	၁၁	၁၃	၂
– မြစ်ရေတင်လုပ်ငန်း	မရှိ	၃	၃
– ချောင်းမြောင်းတမံပိတ်ဆို့မှု	မရှိ	၄၆	၄၆
သီးထပ်ဧကဖြစ်ထွန်းမှု	**၂၂၆၈**	**၃၃၃၇၇**	**၃၁၁၀၉**
စပါးတိုးမြှင့်စိုက်ပျိုးမှု			
– မိုးစပါးစိုက်ဧက	၅၆၀၀၇	၈၁၁၂၅	၂၅၁၁၈
– တစ်ဧကအထွက်နှုန်း*	၄၂ဒသမ၃၈	၅၉ဒသမ၉၉	၁၇ဒသမ၆၁
– နွေစပါးစိုက်ဧက	မရှိ	၈၆၂၀	၈၆၂၀
– တစ်ဧကအထွက်နှုန်း*	မရှိ	၇၀ဒသမ၀၀	၇၀ဒသမ၀၀
– စုစုပေါင်းထုတ်လုပ်မှု	၂၂၇၈	၅၄၇၀	၃၁၉၂
– ဒေသဝမ်းစာဖူလုံမှု	မရှိ	၁၂၅%	၁၂၅%
ပဲမျိုးစုံစိုက်ဧက	**၁၆၈၅**	**၃၈၂၉၄**	**၃၆၆၀၉**
အစေ့ထုတ်ပြောင်းစိုက်ဧက	**၅၀၂၆**	**၁၆၉၂၈**	**၁၁၉၀၂**
ဆီထွက်သီးနှံစိုက်ဧက			
– မြေပဲ	၇၃၆၀	၁၄၁၃၂	၆၇၇၂
– နှမ်း	၂၀၂၁	၁၁၆၉၆	၉၆၇၅
– နေကြာ	၇၂၇	၄၄၈၄	၃၇၅၇
– မုန်ညင်း	၄၇	၃၀၀	၂၅၃
– ပန်းနှမ်း	၅၉၈	၆၉၀၀	၆၃၀၂

ငါးမွေးမြူရေးကန်ဟူ၍ သုံးဧကသာရှိခဲ့သည်။ ယခု ၁၂၉ဒသမ၁၈ဧကအထိ တိုးမြှင့်မွေးမြူ ထားသည်။

သစ်တောပြုစုပျိုးထောင်မှု

ကယားပြည်နယ်၏ သစ် တော ပြုစုပျိုးထောင်မှုကိုလည်း တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၈၈ခုနှစ်က လူထုလုပ်ရှားမှု သစ်ပင်စိုက်ပျိုးရာတွင် ပျိုးပင် ကိုးသောင်းခန့်သာ စိုက်ပျိုးနိုင်ခဲ့သော်လည်း ယခုအခါ၃၄၂၀၀၀၀ကျော် တိုးမြှင့်စိုက်ပျိုးထားပြီး ဖြစ် သည်။ ကယားပြည်နယ်၏ သစ်တော ပြုစုပျိုးထောင်မှု နှိုင်းယှဉ်ချက်ဇယားမှာ အောက်ပါအတိုင်းဖြစ်သည်–

စတုရန်းမိုင်

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကြိုးဝိုင်းတော*	၇၄	၂၇၀	၁၉၆
ကြိုးပြင်ကာကွယ်တော*	မရှိ	၁၉၂၇	၁၉၂၇
သစ်တောစိုက်ခင်းထူထောင်ခြင်း	**၂၀၀**	**၆၉၂၇**	**၆၇၂၇**
– စီးပွားရေးစိုက်ခင်းဧက	မရှိ	၃၁၈၀	၃၁၈၀
– ကျေးရွာသုံးစိုက်ခင်းဧက	မရှိ	၈၁၂	၈၁၂
– ရေဝေရေလဲစိုက်ခင်းဧက	၂၀၀	၂၉၃၅	၂၇၃၅
– သစ်ဆိမ့်ပင်စိုက်ခင်းဧက	မရှိ	၃၀၀	၃၀၀

ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး

၁၉၈၈ခုနှစ်ကာလအထိ ကယားပြည်နယ်သည် လမ်းပန်းဆက်သွယ် ရေး မပြည့်စုံသော ပြည်နယ်ဖြစ်ခဲ့သည်။ ပြည်နယ်ဝင်ပေါက်ထွက်ပေါက်အဖြစ် အောင်ပန်း–ပင်လောင်း–မိုးဗြဲ–လွိုင်ကော်လမ်း၊ တောင်ငူ–လိပ်သို–ယာဒိုလမ်း နှင့် လွိုင်ကော်–ဟိုပုံး လမ်းများရှိခဲ့သော်လည်း တောင်ငူ–လိပ်သို–ယာဒို–လွိုင်ကော်လမ်းမှာ အချိန်အခါမရွေး၊ ရာသီမရွေး သွားလာနိုင်ခြင်း မရှိခဲ့ပေ။

မျက်မှောက်ခေတ်၌ အဆိုပါလမ်းမကြီးများနှင့်အတူ ပြည်နယ်အတွင်းရှိ လမ်းများကို အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ပေးခဲ့သဖြင့် ယခုအခါ ကတ္တရာ လမ်း ၁၅၅မိုင်ခြောက်ဖာလုံအပါအဝင် ကားလမ်း ၁၈၅မိုင် တိုးတက်လာခဲ့သည်။ လွိုင်ကော်–ပွန်ချောင်း–ရှားတောလမ်း၊ တောင်ငူ–မော်ချီး–လွိုင်ကော်လမ်း၊ ဘော်လခဲ–ရှာသစ်–စွပ်ပိုင်လမ်း၊ ဖားဆောင်း–မယ်ဆည်နန်–မယ်စဲ့–နန်းမန်းလမ်း တို့ကိုလည်း အဆင့်မြှင့်တင်ပေးနေ ပြီဖြစ်သည်။ ပေ၁၈၀အထက် ဖြစ်သည့် ထီးစဲခါးတံတားနှင့် ထူးချောင်း တံတားတို့ကိုဆက်လက်တည်ဆောက် ပေးနေသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ကားလမ်း	**၃၉၆/၀**	**၅၈၁/၀**	**၁၈၅/၀**
တံတား			
– ပေ ၁၈၀အထက်	၆	၈	၂
– ပေ ၁၈၀အောက်	၁၄၅	၁၅၁	၆
ရထားပို့ဆောင်ရေး			
– ခရီးမိုင်	မရှိ	၈ဒသမ ၅၉	၈ဒသမ ၅၉
– သံလမ်းမိုင်	မရှိ	၁၀ဒသမ ၉၀	၁၀ဒသမ ၉၀
– ခရီးသည်ဦးရေ (ထောင်)	မရှိ	၅၂ဒသမ ၀၀	၅၂ဒသမ ၀၀
– ခရီးသည်မိုင်	မရှိ	၃၆၁၁ဒသမ ၁	၃၆၁၁ဒသမ ၁
– ကုန်တန်ချိန် (ထောင်)	မရှိ	၄ဒသမ ၄	၄ဒသမ ၄
– ကုန်တန်မိုင်	မရှိ	၂၂၉ဒသမ ၆	၂၂၉ဒသမ ၆
– ဘူတာရုံ	မရှိ	၃	၃

မျက်မှောက်ခေတ်၌ နိုင်ငံ တော်က ကယားပြည်နယ် အတွက် ဖွင့်လှစ်ပေးခဲ့သည့် လမ်းပန်း ဆက်သွယ်ရေး ကဏ္ဍသစ်မှာ အောင်ပန်း–လွိုင်ကော်ရထားလမ်းသစ်ဖြစ်သည်။ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် တို့ကို ဆက်စပ်ဖောက်လုပ်ပေးထားပြီး သံလမ်းမိုင် ၁၀၆ဒသမ၆၂၊ ရထား လမ်းခရီးမိုင် ၁၀၁ဒသမ၉၂ရှိကာ ဘူတာပေါင်း ၂၅ဘူတာပါဝင်ပြီး ၁၉၉၃ခုနှစ် မတ်လ ၂၇ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။

ကယားပြည်နယ်၏ ပို့ဆောင် ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်ချက်ဇယားကို အထက်ပါအတိုင်း တွေ့ရှိနိုင်ပေသည်။

ဆက်သွယ်ရေး

ကယားပြည်နယ်၏ ဆက်သွယ် ရေး ကဏ္ဍကိုလည်း အခြားပြည်နယ် နှင့် တိုင်းများနည်းတူ နိုင်ငံတော်က မြှင့်တင်ပေးနေသည်။ မျက်မှောက် ခေတ် ကယားပြည်နယ်၏ ဆက်သွယ် ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုတစ်ဖက် ပါ နှိုင်းယှဉ်ချက်ဇယားက ဖော်ပြလျက် ရှိသည်–

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
စာတိုက်စခန်း	၈	၁၃	၅
ကြေးနန်းရုံး	၃	၁၁	၈
ဖက်စ်စီမီလီ	မရှိ	၂၅	၂၅
ကွန်ပျူတာကြေးနန်း	မရှိ	၁	၁
တယ်လီဖုန်းလုပ်ငန်း			
– တယ်လီဖုန်းရုံး	၃	၁၄	၁၁
– လိုင်းအင်အား	၆၅၀	၂၀၇၃	၁၄၂၃
– အိတ်ချိန်း	၃	၈	၅
– တိုက်ရိုက်လိုင်း	၅၅၈	၁၇၃၉	၁၁၈၁
– အော်တို/လက်သုံးတယ်လီဖုန်း	၅၅၈	၁၇၃၉	၁၁၈၁
– တယ်လီဖုန်းသိပ်သည်းဆ *	၂.၈၂	၅.၅၉	၂.၇၇
မိုက္ကရိုဝေ့ဗ်စခန်း	မရှိ	၁	၁
ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	မရှိ	၆	၆
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း			
– iP STAR	မရှိ	၁	၁

***(လူ၁၀၀၀လျှင်)**

လျှပ်စစ်စွမ်းအား

ရေတံခွန်နှင့် ရေမော်ပေါများ သော ကယားပြည်နယ်တွင် ၁၉၈၈ ခုနှစ်မတိုင်မီက ၁၆၈ မဂ္ဂါဝပ်ထုတ် လုပ်ပေးနိုင်သော ဘီလူးချောင်း(၂) (အကြီးစား)ရေအားလျှပ်စစ်စက်ရုံနှင့် ၀ဒသမ၁၀၈မဂ္ဂါဝပ်ထုတ်ပေးနိုင်သော ဖားဆောင်း (အသေးစား) ရေအား စက်ရုံ ရှိခဲ့သည်။ တပ်မတော်အစိုးရ လက်ထက်တွင် ၂၈ မဂ္ဂါဝပ်ထုတ်ပေးနိုင်သော ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံကို ထပ်မံတည်ဆောက် ပေးခဲ့သည်။ ဓာတ်အားသုံးစွဲမှုတွင် ကယား ပြည်နယ်အနေဖြင့် ၁၉၈၈ ခုနှစ်ကထက် ငါးဆမျှ တိုးမြှင့်သုံးစွဲလာနိုင်သည်။ ကယားပြည်နယ်၏ ယခင်နှင့် ယခု လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှု နှိုင်းယှဉ်ချက်ဇယားမှာ တစ်ဖက်ပါ အတိုင်းဖြစ်သည်–

ဓာတ်အားသုံးစွဲမှု–ယူနစ်(သန်း) ***မဂ္ဂါဝပ်**

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဓာတ်အားသုံးစွဲမှု	၄.၄၀၅	၂၀.၉၅၀	၁၆.၅၄၅
အမြင့်ဆုံးဝန်အား *	၃.၀၀၀	၅.၃၄၀	၂.၃၄၀
ဓာတ်အားတိုးမြှင့်ထုတ်လုပ်မှု			
– ရေအားလျှပ်စစ်စက်ရုံ	၂	၃	၁
– ဒီဇယ်ဆီသုံးစက်ရုံ	၄	၂၆	၂၂
လက်ရှိစက်တပ်ဆင်အင်အား*	၁၆၈.၈၇၃	၁၉၆.၇၀၃	၂၇.၈၃၀

စက်မှုလက်မှု

ကယားပြည်နယ်တွင် ပုဂ္ဂလိက စက်ရုံအလုပ်ရုံ၂၇၀၊ နိုင်ငံပိုင်စက်ရုံ ခုနစ်ရုံနှင့် အိမ်တွင်းစက်မှုလုပ်ငန်း ၃၃ ခု ရှိနေသည်။ ပြည်နယ်၏ စက်မှုကဏ္ဍပိုမိုဖွံ့ဖြိုး တိုးတက်လာရေးအတွက် နိုင်ငံတော်က ဆက်လက်အားပေးမြှင့်တင်လျက်ရှိသည်။

သတ္တုတွင်းနှင့် တွင်းထွက်သယံဇာတ

မော်ချီးသတ္တုတွင်းမှ ခဲမဖြူ၊ အဖြိုက်နက်နှင့် ရှီးလိုက်ရောရာသတ္တုများ ထုတ်လုပ်လျက်ရှိသည်။ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် မာဘယ်လ်ကျောက်နှင့် ခနောက်စိမ်းရှာဖွေဖော်ထုတ်နိုင်မှုကြောင့် လုပ်ကွက်များ တိုးပွားလာသည်။ ၂၀၀၅ခုနှစ်၌ မာဘယ်လ် ၁၈၈ ဒသမ ၁၆ မက်ထရစ်တန်နှင့် ခနောက်စိမ်း မက်ထရစ်တန် ၁၆၀ ထုတ်လုပ်နိုင်သည်။

စာမျက်နှာ ၁၀ သို့



ကယားပြည်နယ် ဘီလူးချောင်း အမှတ်(၁)ရေအားလျှပ်စစ် ရေပေးပိုက်လိုင်းကြီးကို တွေ့ရစဉ်။

[ဘီလူးချောင်း(၁) ဓာတ်အား ပေးစက်ရုံသည် လောပိတ ဓာတ်အားပေးစက်ရုံနှင့် ညီအစ်ကို စက်ရုံဖြစ်သည်။ အင်းလေးကန်မှ စတင်စီးဆင်းသော ဘီလူးချောင်း သည် လွိုင်ကော်မြို့၏ အရှေ့ တောင်ဘက် ခုနစ်မိုင်ခွဲခန့် အကွာ တွင် ရေတံခွန်အဆင့်ဆင့် ဖြစ်ပေါ်ကာ သဘာဝစွမ်းအင် အရင်း အမြစ်များ ဖြစ်ပေါ်လျက်ရှိသည်။]



၁၉၈၈ ခုနှစ်နောက်ပိုင်း

ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ပြည်နယ်ပြည်မ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ဆောက်ပေးထားသော မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်းကို ဤသို့တွေ့ရသည်။



ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ဆောက်ပေးထားသည့် လွိုင်ကော်တက္ကသိုလ် သုံးထပ် တိုးချဲ့စာသင်ဆောင်ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု

ကယားပြည်နယ် ဒီမောဆို မြို့နယ်အတွင်း စိုက်ပျိုးရေပေးဝေနေသည့် လွိုင်နန်းဖရေထိန်းတမံကို ဤသို့ တွေ့ရသည်။



စာ-၈ မှအဆက်

ပညာရေး

အခြားပြည်နယ်နှင့်တိုင်းများနည်းတူ ကယားပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်က မြှင့်တင်ဖော်ဆောင်ပေးနေသည်။ အခြေခံပညာကျောင်းအင်အား၊ ဆရာ ဆရာမ အင်အားတိုးမြှင့် ပေးထားသဖြင့် ကျောင်းသူကျောင်းသားအင်အားလည်း မြင့်မားလာသည်။ သူငယ်တန်းကျောင်းဝင်နှုန်းနှင့် သက်ကြီး စာတတ်မြောက်မှုနှုန်းတိုးတက်မှုမှာ ပြည်နယ်သူပြည်နယ်သားများအတွက် အားတက်ဖွယ်ပင်ဖြစ်သည်။

ဖွံ့ဖြိုးရေးအထူးဒေသ(၂၄)ခုတွင်ပါဝင်သည့် လွိုင်ကော်၌ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တစ်ခု တည်ဆောက်ဖွင့်လှစ် ပေးထားသဖြင့် ဒေသခံတိုင်းရင်းသားလူငယ်များ အိုးမကွာအိမ်မကွာဖြင့် အဆင့်မြင့်ပညာကို လွယ်လင့်တကူ သင်ယူ နိုင်နေပြီဖြစ်သည်။ ကယားပြည်နယ်၏ ပညာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာ ၁၉၈၈ခုနှစ်ကထက် များစွာသာလွန်လျက်ရှိကြောင်း အောက်ပါနှိုင်းယှဉ်ချက်ဇယားက သက်သေခံလျက်ရှိသည်-

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
ဆေးရုံများတိုးချဲ့မြှင့်တင်မှု	**၁၅**	**၁၆**	**၁**
ကျန်းမာရေးဌာနများ	**၃၂**	**၃၆**	**၄**
ကျန်းမာရေးဝန်ထမ်းများ	**၃၅၁**	**၅၇၀**	**၂၁၉**
- ဆရာဝန်(အထူးကု/လက်ထောက်)	၄၈	၉၆	၄၈
- သူနာပြု	၆၈	၁၄၁	၇၃
- သားဖွားဆရာမ	၁၃၇	၁၆၂	၂၅
- လက်ထောက်ကျန်းမာရေးမှူး(၁)	မရှိ	၁၈	၁၈
- လက်ထောက်ကျန်းမာရေးမှူး	၄၀	၅၁	၁၁
- ကြီးကြပ်(၁)/(၂)	၂၉	၆၅	၃၆
တိုင်းရင်းဆေး			
- တိုင်းရင်းဆေးရုံ	မရှိ	၁	၁
- တိုင်းရင်းဆေးပေးခန်း	၄	၉	၅

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ကယားပြည်နယ်အတွင်းရှိ ကျောင်းသူကျောင်းသားများ အရည်အချင်း မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းစေရန်အတွက် လွိုင်ကော်မြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃) တွင် သင်ကြားသင်ယူမှု အထောက်အကူပြု စာသင်ခန်းများဖြင့် ဤသို့ လေ့လာသင်ကြားနေကြသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
အခြေခံပညာပျိုးထောင်မှု			
- ကျောင်းအင်အား	၃၃၃	၃၈၈	၅၅
- မာလ်တီမီဒီယာစာသင်ခန်း	မရှိ	၂၀	၂၀
- e-Learning Centre	မရှိ	၁၃	၁၃
- ဆရာ၊ဆရာမဦးရေ	၁၂၅၉	၁၉၅၀	၆၉၁
- ကျောင်းသားဦးရေ	၂၉၉၁၆	၅၀၂၄၅	၂၀၃၂၉
- သူငယ်တန်းကျောင်းဝင်နှုန်း	၅၃.၂၆%	၉၄.၂၉%	၄၁.၀၃%
- သက်ကြီးစာတတ်မြောက်မှုနှုန်း	၅၈.၉၆%	၉၄.၅၀%	၃၅.၅၄%
ပညာရေးအဟောသိကံဖြစ်မှုနှုန်း			
- မူလတန်းအဆင့်	၃၇.၄၅%	၈.၅၅%	၂၈.၉၄%
- အလယ်တန်းအဆင့်	၃၉.၂၅%	၁၃.၉၀%	၂၅.၃၅%
အဆင့်မြင့်ပညာမြှင့်တင်မှု			
- ဝိဇ္ဇာသိပ္ပံတက္ကသိုလ်	မရှိ	၁	၁
- e-Learning Centre	မရှိ	၁၄	၁၄
- သင်ကြားရေးအစီအစဉ်များ	မရှိ	၃၆	၃၆
- ဆရာ၊ဆရာမဦးရေ	မရှိ	၉၀	၉၀
- ကျောင်းသားဦးရေ	မရှိ	၃၀၅၁	၃၀၅၁
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	မရှိ	၁	၁

သိပ္ပံနှင့်နည်းပညာ

ကယားပြည်နယ်တွင် သိပ္ပံနှင့်နည်းပညာတတ်ကျွမ်းသူလူငယ်များ မွေးထုတ်ပေးရေးအစီအစဉ်သည် အခြား ပြည်နယ်နှင့်တိုင်းများနှင့်အတူ တစ်ပြေးညီတိုးတက်အောင်မြင်လျက်ရှိသည်။ ပြည်နယ်အတွင်း ၁၉၈၈ခုနှစ်က မရှိခဲ့ဖူးသော အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်များကို ပြည်နယ်မြို့တော် လွိုင်ကော်၌ ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ရာ နှစ်စဉ် သိပ္ပံနှင့် နည်းပညာရှင်လူငယ် ရာနှင့်ချီ၍ ပေါ်ထွန်းလျက်ရှိသည်။

ကျန်းမာရေး

ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌လည်း ကယားပြည်နယ်သည် ထက်ကြပ်မကွာ လိုက်ပါတိုးတက်နေသည်။ လွိုင်ကော်ရှိ ယခင်ခုတင်(၁၅၀)ဆံ့ဆေးရုံကို ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးပြီး အထူးကုဆရာဝန်အင်အား ထပ်မံဖြည့်တင်းပေးထားသည်။ ဆရာဝန်အင်အားနှစ်ဆကျော် မြင့်မားလာသကဲ့သို့ ကျန်းမာရေးဝန်ထမ်းအင်အားလည်း ရာနှင့်ချီ၍ တိုးမြှင့်လာသည်။ တိုင်းရင်းဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးထားပြီး တိုင်းရင်းဆေးခန်း ကိုးခန်းအထိရှိလာသည်။ ကယားပြည်နယ်၏ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ယခင်နှင့်ယခု နှိုင်းယှဉ်ချက်ကို ဤသို့ တွေ့ရှိနိုင်ပေသည်-

မြို့ရွာစည်ပင်ဖွံ့ဖြိုးမှု

ကယားပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ မြို့ပြနှင့်ကျေးလက်၏ လူနေမှုအဆင့်အတန်း တစ်ဆင့်တက်လှမ်းနိုင်အောင် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်နယ်အတွင်း ၁၉၈၈ ခုနှစ်ကထက် မြို့ပြလမ်း ၂၉ မိုင် ၂ ဖာလုံ၊ မြို့ပြတံတား ၉၉ စင်း တိုးမြှင့်တည်ဆောက် ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ယခင်က ကျေးရွာချင်းဆက်လမ်းများ မရှိခဲ့သော်လည်း ယခုအခါ ကျေးလက်လမ်း ၁၇၉မိုင်နှင့် ကျေးလက်တံတား ၆၅ စင်း တိုးမြှင့်တည်ရှိလာပြီဖြစ်သည်။

မြို့ပြရေပေးရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ရမည့် မြို့ခုနစ်မြို့အနက် လေးမြို့တွင် လုပ်ငန်းဆောင်ရွက်ပေး နိုင်ခဲ့သည်။ ကျေးလက်ရေရရှိရေးအတွက် ကျေးရွာပေါင်း ၃၂ ရွာတွင် လုပ်ငန်းပေါင်း ၁၀၄ ခု ဖော်ဆောင်ပေးပြီးဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး

ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းခြင်း၏ ရလဒ်ဖြစ်သည်။ ငြိမ်းချမ်းခြင်း အရသာနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ဒေသခံတိုင်းရင်းသားများ ရရှိခံစားနိုင်အောင် အစဉ်အမြဲကြိုးပမ်းဆောင်ရွက်အပ်ကြောင်း ကယားပြည်နယ်၏ နယ်စပ်ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများက ညွှန်ပြနေသည်။

နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် အကျုံးဝင်သည့် ကယားဒေသတွင် ဒေသခံတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်ခေတ်၏ သမိုင်းမှတ်တိုင်သစ်အဖြစ် တစ်ဖက်ပါအတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်-

ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းခြင်း၏ ရလဒ်ဖြစ်သည်။ ငြိမ်းချမ်းခြင်း အရသာနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ဒေသခံတိုင်းရင်းသားများ ရရှိခံစားနိုင်အောင် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်အပ်ကြောင်း ကယားပြည်နယ်၏ နယ်စပ်ဒေသဖွံ့ဖြိုးမှု လုပ်ငန်းများက ညွှန်ပြနေသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
လမ်းတံတား			
- မြေလမ်းမိုင်	မရှိ	၁၇၉/၃	၁၇၉/၃
- ကျောက်လမ်းမိုင်	မရှိ	၁၇၆/၁	၁၇၆/၁
- ကတ္တရာလမ်းမိုင်	မရှိ	၁၃	၁၃
- တံတား	မရှိ	၂၉	၂၉
ကျန်းမာရေး			
- ဆေးရုံ/ဆေးပေးခန်း	မရှိ	၃၀	၃၀
ပညာရေး			
- (ထက်/လယ်/မူ)ကျောင်း	မရှိ	၂၅	၂၅
- ဆရာ၊ ဆရာမ	မရှိ	၁၂၇	၁၂၇
- ကျောင်းသား	မရှိ	၃၂၃၂	၃၂၃၂
စိုက်ပျိုးရေး			
- ရုံး/စခန်း	မရှိ	၈	၈
- ဆည်/တူးမြောင်း	မရှိ	၁၁	၁၁
မွေးမြူရေး			
- တိ/မွေးကုရုံး	မရှိ	၄	၄
စွမ်းအင်			
- လျှပ်စစ်မီးစက်	မရှိ	၃၄	၃၄
- မီးလင်းသည့်မြို့/ရွာ	မရှိ	၃၉	၃၉
ပြည်သူ့ဆက်ဆံရေး			
- ရုပ်/သံလွှင့်စက်ရုံ	မရှိ	၅	၅
ဆက်သွယ်ရေး			
- စာတိုက်	မရှိ	၂	၂
- ကြေးနန်း	မရှိ	၃	၃
- တယ်လီဖုန်းရုံး	မရှိ	၃	၃
အကုန်အကျခံသုံးစွဲမှု(ကျပ်သန်း)	မရှိ	၁၁၂၈.၂၈	၁၁၂၈.၂၈
- ဖွံ့ဖြိုးရေးရန်ပုံငွေ	မရှိ	၇၈၇.၈၉	၇၈၇.၈၉
- ဝန်ကြီးဌာနများ	မရှိ	၃၄၀.၃၉	၃၄၀.၃၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး

နိုင်ငံတော်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်ထောင်စုကြီး၏အကျိုးနှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးကို အားသွန်ခွန်စိုက် သယ်ပိုးထမ်းဆောင်နေကြောင်း သတင်းကောင်းများနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး သတင်းအချက်အလက်များကို တိုင်းရင်းသားပြည်သူများထံသို့ ပြန်ကြားရေးကဏ္ဍက ထုတ်လွှင့်ဖော်ပြပို့ဆောင်ပေးနေသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့ မမိုတ်မသုန် ချီတက်ကြရေးအတွက် ကယားပြည်နယ်၏ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးကဏ္ဍကို အောက်ပါအတိုင်း မြှင့်တင်ဆောင်ရွက်လျက်ရှိပေသည်။

အမျိုးအမည်	၁၉၈၈	၁၂-၂-၂၀၀၅	တိုးတက်မှု
- ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	မရှိ	၇	၇
- ပြန်/ဆက်ရုံးများ	မရှိ	၈	၈
- ပြန်/ဆက် စာကြည့်တိုက်	၃	၈	၅
- နယ်လှည့်စာကြည့်တိုက်	မရှိ	၁၀၈	၁၀၈
- ကျေးလက်စာကြည့်တိုက်	မရှိ	၅၆	၅၆
- e-Library	မရှိ	၁	၁

နှစ်ထပ်ဈေးသစ်ကြီး

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ကူးသန်းရောင်းဝယ်မှု လွယ်ကူအဆင်ပြေစေရန်အတွက် တည်ဆောက်ပေးထားသည့် ကန္တာရဝတီ နှစ်ထပ်ဈေးသစ်ကြီးကို ဤသို့ တွေ့ရသည်။

ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များသည် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားခြင်းမရှိ ကိုယ့်ပါတီ၊ကိုယ့်အုပ်စု အာဏာရရေး သွေးရူးသွေးတန်း မျက်ကန်းတစ္ဆေမကြောက် ဖောက်ပြန်သည့်အဖျက်လုပ်ရပ်ဖြစ်

စာမျက်နှာ ၇ မှ

ကွင်းဆင်းကူညီပံ့ပိုး

ထိုဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က တိုင်းနှင့် ပြည်နယ်အလိုက် လိုအပ်သလို ကွင်းဆင်းကူညီပံ့ပိုးဆောင်ရွက်ခဲ့ကြောင်း။

စေတနာအလျောက် အလှူငွေ၊ ပစ္စည်းပေးပို့ထောက်ပံ့မှုများကိုလည်း ငလျင်ရေလှိုင်းဒဏ်ခံခဲ့ရသည့် ပြည်နယ်နှင့် တိုင်းများသို့ ဆက်လက်ပေးပို့လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပျက်စီးဆုံးရှုံးမှုနည်းပါးရသည့် အဓိကအကြောင်းရင်းသုံးရပ်မှာ (၁)ကိုကိုးကျွန်းမြောက်ပိုင်းမှ ရခိုင်ပြည်နယ် တောင်ပိုင်းအထိ မြေငလျင်လှုပ်ရှားမှုနည်းပါးသည့် Scismic Gap ရှိနေခြင်းကြောင့် အင်အားပြင်းငလျင်များ လှုပ်ရှားနိုင်မည့် အနေအထားနည်းပါးခြင်း၊(၂)ငလျင်ရေလှိုင်းသက်ရောက်မှုမှာ အရှေ့-အနောက်ဖြစ်ပြီး မြန်မာကမ်းရိုးတန်းနှင့် ပြိုင်လျက်အနေအထားဖြစ်နေသည့် အပြင် မြိတ်ကျွန်းစုများက အတားအဆီးသဖွယ် ဖြစ်နေသောကြောင့် ငလျင်ရေလှိုင်းအားပျော့သွားခြင်း၊ (၃) ငလျင်ရေလှိုင်း ဖြတ်သန်းဖြစ်ပေါ်သည့် မြန်မာ့ကမ်းလွန်ပင်လယ် ကြမ်းခင်းနှင့် ပထဝီအနေအထားအရ ရေတိမ်ပိုင်းကို ၁၅မိုင်မှ မိုင် ၂၀အထိဖြတ်သန်းခဲ့ရ၍ ငလျင်ရေလှိုင်း အားပျော့ခဲ့ရခြင်းတို့ကြောင့်ဖြစ်ကြောင်း။

UNICEFကလည်း ၎င်းတို့အနေဖြင့် သတင်းများမှားယွင်းဖော်ပြခဲ့မှုအတွက် ဝမ်းနည်းမိပါကြောင်း အကြောင်းကြားလာကြောင်း။

သမိုင်းအထောက်အထား

ယခုကဲ့သို့ ရေအောက်မြေငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သည့် ငလျင်ရေလှိုင်းဒဏ်ခံခဲ့ရမှုများအနေဖြင့် ၁၈၈၁ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နီကိုဘာကျွန်းစုတွင် ဖြစ်ပေါ်ခဲ့သည့် အင်အား ၇ဒသမ၉အဆင့်ရှိ ငလျင်ကြီးကြောင့်လည်းကောင်း၊ ၁၉၄၁ ခုနှစ် ဇွန်လ ၂၆ရက်နေ့ အန်ဒမန်ကျွန်းတွင်ဖြစ်ပေါ်ခဲ့သည့် အင်အား ၈ဒသမ၇အဆင့်ရှိ ငလျင်ကြီးကြောင့် လည်းကောင်း အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့ဖူးကြောင်း သမိုင်းအထောက်အထားမှတ်တမ်းများအရ သိရှိရကြောင်း။

ကြိုတင်ရှောင်ရှားနိုင်

အချုပ်အားဖြင့် ငလျင်ရေလှိုင်းသည် ကမ်းခြေပိုင်းရောက်လာသည်နှင့်အမျှ အင်အား ကြီးမားလာပြီး ဖျက်ဆီးနိုင်စွမ်းလည်း ပိုမိုလာတတ်သည့် သဘောရှိကြောင်း၊ မြစ်ချောင်းများအတွင်း ဝင်ရောက်ပါက ဒီလုံးအဖြစ် ဝင်ရောက်ဖြစ်ပေါ်တတ်ပြီး ရေအမြင့်မှာ ပေ ၅၀မှ ပေ ၁၀၀အထိ တက်ရောက်နိုင်၍ ရေလွှမ်းမိုးမှု ဖြစ်စဉ်မှာ ကုန်းတွင်းပိုင်းသို့ ပေ ၃၀၀၀ ကျော်ဝင်ရောက်နိုင်ကြောင်း၊ ငလျင်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ငလျင်ရေလှိုင်းကို မည်သူမျှ ကြိုတင်မခန့်မှန်းနိုင်ခြင်း၊ နောက်ဆက်တွဲငလျင်များ၏ မြေပြိုကျမှု ဖြစ်စဉ်များကြောင့် ငလျင်ရေလှိုင်း ဆက်လက်ဖြစ်ပေါ်လာနိုင်သည့်အတွက်မည်သည့်အချိန်တွင် ပြီးဆုံးမည်ကို အတိအကျပြောနိုင်ခြင်း ရှိမည်မဟုတ်ကြောင်း၊ သို့ရာတွင် ငလျင်ရေလှိုင်း ရောက်ရှိလာနိုင်သည့် အချိန်ကိုမူ လှိုင်း၏ အလျင်နှင့် အမြန်နှုန်းမှ တွက်ချက်၍ ကြိုတင်ရှောင်ရှားနိုင်ကြောင်း၊ယခုအခါ မြေငလျင်နှင့် ပတ်သက်သည့် လိုအပ်သော သတိပေးမှုများကို ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ငလျင်ရေလှိုင်း၏ ထူးခြားမှုလက္ခဏာ တစ်ရပ်အနေဖြင့် ကမ်းခြေတစ်လျှောက်တွင် ရုတ်တရက်ရေကျဆင်းသွားလေ့ရှိကြောင်း။

အိန္ဒိယသမုဒ္ဒရာတွင် ဆူနာမီသမိုင်းကြောင်းရှိနေ၍ ပင်လယ်ကမ်းခြေနေပြည်သူများအနေဖြင့် ကြိုတင် သတိပေးစနစ် တပ်ဆင်ရန်၊ အချိန်အခါမဟုတ်ဘဲ ရေမျက်နှာပြင် ရုတ်တရက်ကျဆင်းသွားသောအခါ ဆူနာမီ ရေလှိုင်းမျှော်မှန်းရန်၊ ပင်လယ်ကြမ်းပြင်အောက် ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေအောက်မြေပြိုခြင်း၊ ပင်လယ်တွင်း ဥက္ကာပျံပြုတ်ကျခြင်း စသည့် သတင်းပေါ်ပေါက်က ဆူနာမီရေလှိုင်း ဖြစ်ပေါ်လာနိုင်ကြောင်း သတိပြုရန်၊ ဆူနာမီရေလှိုင်းဒဏ် ခန့်မှန်းရရှိသည့် အချိန်တွင် ရေလွှမ်းပြင်လွတ်ရာ ကုန်းမြင့်ပေါ်သို့အမြန်ဆုံးရွှေ့လျားရန်ဖြစ်ကြောင်း၊ဆူနာမီရေလှိုင်း အန္တရာယ် လျော့ပါးစေရေးအတွက် ကမ်းခြေဒေသနေ ပြည်သူများ အနေဖြင့် ဆူနာမီရေလှိုင်းသည် ပင်လယ်ပိုင်းမှလာခြင်းဖြစ်၍ လှိုင်းအင်အားလျော့နည်းစေမည့် အဆီးအတားများဖြစ်သော ဒီရေတောကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အဆောက်အအုံများကို ရေလွှမ်းပြင်လွတ်သည့် အကွာအဝေးတွင် ဆောက်လုပ်ခြင်း၊ လိုအပ်ချက်အရ ဆောက်လုပ်ပါကလည်း ဆူနာမီလှိုင်းဒဏ် ကြံ့ကြံ့ခိုင်နိုင်မည့် အင်ဂျင်နီယာ နည်းပညာအရ လိုက်လျောညီထွေရှိမည့် အစီအမံတို့ဖြင့် ဆောက်လုပ်ခြင်း၊ကမ်းခြေတွင်နေထိုင်လုပ်ကိုင်သူများအား ဆူနာမီရေလှိုင်းနှင့်ပတ်သက်၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆူနာမီရေလှိုင်းကျရောက်သည့်အခါ ကြိုတင်သတ်မှတ်ထားသည့် ဘေးကင်းရာသို့ လွယ်ကူလျင်မြန်စွာ ပြောင်းရွှေ့နိုင်ရေးအတွက် ဆက်သွယ်ပို့ဆောင်ရေး အစီအစဉ်များ ထားရှိခြင်း၊ ဆူနာမီရေလှိုင်း ဘေးကင်းရာသို့ ရှောင်ရှားသူများအတွက်ရေ၊ စားနပ်ရိက္ခာနှင့်ဆေးဝါး ပံ့ပိုးနိုင်ရေးနှင့် လုံခြုံရေး အစီအစဉ်များ ထားရှိပေးခြင်း၊ ဆူနာမီရေလှိုင်း သတိပေးစနစ်နှင့် ဘေးလွတ်ရာရွှေ့ပြောင်းမှုစနစ်တို့ကို ဒေသအလိုက် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဆူနာမီရေလှိုင်းဒဏ်ကြောင့် သေဆုံးထိခိုက် ဒဏ်ရာရသူများအား ရှာဖွေကယ်ဆယ်ရေးအတွက် စီမံချက်များထားရှိခြင်း၊ ဆူနာမီရေလှိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် ပြန်လည်ထူထောင်မှုဆောင်ရွက်ရေး စီစဉ်ထားခြင်း စသည်တို့ကို ကြိုတင်စီမံပြင်ဆင်သွားမည်ဖြစ်ကြောင်း။

သဘောပေါက်လက်ခံ

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြေငလျင်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆူနာမီရေလှိုင်း အလုပ်ရုံ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ထိခိုက်မှု (Impact)နှင့် အရေးယူဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ရာ ဒေသတွင်းနှင့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကမ္ဘာ့ပညာရှင်အသီးသီးက သဘောပေါက်လက်ခံခဲ့ပြီးဖြစ်ကြောင်း။

ဆူနာမီရေလှိုင်း ကျရောက်ပါက ကမ်းခြေရှိ ရေယာဉ်များအတွက် ရေနက် ၁၆၄ပေ ကမ်းမှ အကွာအဝေး ၂၁ မိုင်အထိ စိတ်ချရမှုမရှိကြောင်း၊ ပင်လယ်ရေနက်အတွင်းကမ်းမှ ၁၅၄ မိုင်ခန့် အကွာတွင်သာ လှိုင်းအမြင့် တစ်ပေခန့်သာရှိလေ့ရှိသဖြင့်အန္တရာယ်လွတ်ကင်းနိုင်ကြောင်း၊ ဆူနာမီသတင်းရရှိပြီး ရေအနက် ၁၆၄ပေနှင့် ပင်လယ်ရေနက်ပိုင်းသို့ ခုတ်မောင်းတိမ်းရှောင်ချိန်မရနိုင်ပါက ရေယာဉ်ကို စွန့်ခွာ၍ အသက်ဘေးကင်းရာဖြစ်သည့်ရေလွှမ်းပြင် လွတ်ကင်းရာ(သို့မဟုတ်) ကုန်းမြင့်ရာသို့ ရှောင်တိမ်းသင့်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဖြစ်ပွားခဲ့သော ငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်ကြောင့် မြန်မာနိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှု၊ ကယ်ဆယ်ရေးဆောင်

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဖေသန်း ၂၀၀၄ ခုနှစ်ဒီဇင်ဘာ ၂၆ ရက်တွင် မြောက်စုမတြားကျွန်းအနောက်ဘက် ပင်လယ်ပြင်၌ ဖြစ်ပေါ်ခဲ့သော ငလျင်ကြောင့် ပေါ်ပေါက်ခဲ့သည့် ဆူနာမီ ငလျင်ရေလှိုင်းဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၆ရက် မြန်မာစံတော်ချိန် နံနက်၇နာရီ၃၂မိနစ်၄စက္ကန့်၌ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ အနောက်မြောက်ဘက်မိုင် ၁၀၀၀ အကွာ ပင်လယ်ပြင်အောက်ခြေတွင် ငလျင်လှုပ်ခဲ့ပြီး ကပ္ပလီပင်လယ်ပြင်အတွင်း မြေငလျင်များလှုပ်ခဲ့သည့်အတွက် မြန်မာနိုင်ငံ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်တို့တွင် ပင်လယ်ဒီရေလှိုင်း ရိုက်ခတ်ဖုံးလွှမ်းမှုကြောင့် အဆောက်အအုံများ၊ တံတားများ ပြိုကျပျက်စီးပြီး လူအသေအပျောက်ရှိခဲ့ကြောင်း။

အသေးစိတ်ဖော်ပြရလျှင် ဧရာဝတီတိုင်းတွင် ၃၁ဦး သေဆုံးပြီး ၄၁ဦး ဒဏ်ရာရခဲ့ကာ အိမ်ခြေ ၅၁၇အိမ်ပျက်စီးခဲ့သည့်အတွက် လူပေါင်း၂၁၄၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ တနင်္သာရီတိုင်းတွင် ရှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့ကာ အိမ်ခြေ၈၃အိမ် ပျက်စီးခဲ့သည့်အတွက် လူ၄၄၇ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင် ၂၂ဦးသေဆုံးပြီး အိုးအိမ်ပျက်စီးမှုမရှိကြောင်း၊ ရန်ကုန်တိုင်းတွင် အိမ်တစ်လုံးပျက်စီးသွားခဲ့ကြောင်း၊ ငလျင်နှင့် ပင်လယ်ဒီရေလှိုင်းရိုက်ခတ်မှု သဘာဝဘေးအန္တရာယ်ကြောင့် စုစုပေါင်း သေဆုံးသူ ၆၁ဦး၊ ဒဏ်ရာရသူ ၄၂ဦး၊ ဆုံးရှုံးမှုအိမ်ခြေ၆၀၁အိမ်၊ အိုးအိမ်မဲ့ ၂၅၉၂ ဦးဖြစ်ပြီး စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၅၈၅ဒသမ၅၆သန်းခန့်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ပြည်တွင်းပြည်ပ အဖျက်သမားများ ပူးပေါင်းလုပ်ဆောင်နေသည့် အဖျက်အမှောင့် လုပ်ရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက ၂၀၀၄ ခုနှစ် ဒီဇင်ဘာ၂၆ရက်တွင် ဖြစ်ပွားခဲ့သော ငလျင်နှင့်ဆူနာမီရေလှိုင်းဒဏ်ကြောင့် မြန်မာနိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှု၊ ကယ်ဆယ်ရေးဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ထောက်ပံ့ပေးအပ်

ငလျင်လှုပ်ရှားမှုဖြစ်ပွားသည့်သတင်းရရှိသည်နှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ငလျင်နှင့်ဆူနာမီရေလှိုင်းဒဏ်ခံရသည့် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်နှင့် ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားခေါင်းဆောင်သည့် အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် အထူးကုဆရာဝန်များနှင့်အတူ ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများကိုသယ်ဆောင်ကာ ၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၇ရက်မှ ၂၈ရက်အထိသွားရောက်ကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေးပစ္စည်းများ၊စားသောက်ကုန်ပစ္စည်းများ အရေးပေါ်သုံးစွဲရန်ဆေးဝါးများနှင့်အတူ သေဆုံးသူများအတွက် တစ်ဦးလျှင်ထောက်ပံ့ငွေကျပ်ငါးသောင်းစီကို အိမ်တိုင်ရာရောက်ပေးအပ်ခဲ့သည့်အပြင် ငလျင်ဒဏ်ခံရသည့်အိမ်ထောင်စုများအတွက် ဆန်၊ဆီ၊ ကြက်ဥစသော စားသောက်ကုန်ပစ္စည်းများ၊ ကျားလုံချည်၊ မလုံချည်၊ စောင်၊ မျက်နှာသုတ်ပဝါ၊ဒန်အိုး၊ ဇလုံ၊ အနွေးထည်၊ အဝတ်အထည်များနှင့် ထောက်ပံ့ငွေများအပါအဝင် စုစုပေါင်း ထောက်ပံ့ငွေပေါင်းကျပ်၂၄သိန်းငါးသောင်း ငါးထောင်နှင့် ပစ္စည်းတန်ဖိုးငွေ ၅၁သိန်း ကိုးသောင်း ရှစ်ထောင်ခြောက်ရာ တစ်ဆယ့်သုံးကျပ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း။

တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ပြင်စလူမြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးဝါးကုသခံနေရသူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပြီး အားပေးခဲ့ကြောင်း၊ အလားတူ ရေလှိုင်းဒဏ်ခံရသူများကိုလည်း တွေ့ဆုံအားပေးပြီး နိုင်ငံတော်၏ ထောက်ပံ့မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ကျန်းမာရေးဦးစီးဌာနကလည်း အရေးပေါ်ဆေးဝါးများ၊သောက်သုံးရေတွင်း၊ ရေကန်များ သန့်ရှင်းရေးအတွက် ရေသန့်ဆေးပြားများ၊ ပိုးသတ်ဆေးမှုန့်များကို ပေးအပ်ပြီး ဆေးဝါးကုသရေးနှင့်ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး အစီအစဉ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

တနင်္သာရီတိုင်း

အလားတူ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်ခေါင်းဆောင်သောအဖွဲ့ကလည်း ငလျင်ရေလှိုင်းဒဏ်ခံခဲ့ရသည့် ကော့သောင်းမြို့နယ်ရှိ ကျေးရွာများသို့ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်နှင့် စေတနာရှင်များလှူဒါန်းသည့် ငွေကျပ်သိန်း၆၀၀နှင့် ဆန်အိတ် ၁၈၀ အပါအဝင်ငွေကျပ် ၁၅ဒသမ၄သိန်းတန်ဖိုးရှိသည့် အဝတ်အထည်နှင့်စားသောက်ဖွယ်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း။

ထို့အတူ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်ခေါင်းဆောင်သောအဖွဲ့ကလည်း ရခိုင်ပြည်နယ်အတွင်း ရေလှိုင်းဒဏ် ခံရသည့် မြို့နယ်များနှင့် ကျေးရွာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီးငွေကြေး၊ ဆန်အိတ်၊ စားသုံးဆီနှင့်ကယ်ဆယ်ရေးပစ္စည်း၁၁မျိုးပါ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ထောက်ပံ့မှုတန်ဖိုးငွေကျပ်၁၁သိန်း၊ ဆန်အိတ်၂၂အိတ်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများဖြစ်ကြောင်း။

ကိုကိုးကျွန်း

တစ်ဆက်တည်းပင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့်တပ်မတော်အရာရှိကြီးများသည်လည်း ၂၀၀၄ခုနှစ် ဒီဇင်ဘာ၃၀ရက်တွင် ကိုကိုးကျွန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ကိုကိုးကျွန်း၌ မြေငလျင်နှင့်ပင်လယ်ဒီလှိုင်းဒဏ်ကြောင့် ပြောပလောက်သည့် အပျက်အစီးမရှိကြောင်း၊ ဒဏ်ရာရရှိသူ၊ သေဆုံးသူ မရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း။

အခြေအနေမှန်များလေ့လာ

ထို့အတူ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များသည် WHO, UNICEF, UNDPအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ ၂၀၀၅ ခုနှစ် ဇန်နဝါရီ၄ရက်၌ ကော့သောင်းမြို့သို့ သွားရောက်ခဲ့ကြကြောင်း၊ ကော့သောင်းမြို့၌ မြေငလျင်နှင့် ပင်လယ်

စာမျက်နှာ ၁၂ ကော်လံ ၁

အမျိုးသားညီလာခံကြီးအောင်မြင်စွာကျင်းပနိုင်ရေးနှင့် မူဝါဒလမ်းစဉ်(၇)ရပ်တစ်ဆင့်ပြီးတစ်ဆင့်ဖော်ဆောင်နိုင်ရေး နိုင်ငံတော်အစိုးရ ပြည်သူနှင့်တပ်မတော် ပူးပေါင်းပြီး အဖျက်အန္တရာယ်မှန်သမျှ ဖယ်ရှားတားဆီးသွားမည်

စာမျက်နှာ ၁၁ မှ

ဒီလိုင်းဒဏ်ကြောင့် အနည်းငယ်ပျက်စီးမှု ရှိခဲ့သည့် ပုလုံတုံးတုံးတံတားနှင့် အော်ကြီးကျွေးရွာ တို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား လိုအပ်သော ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ တနင်္သာရီတိုင်း၌ သေဆုံးသူရှစ်ဦးရှိပြီး ပျက်စီး ဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၇၃၄ ဒသမ၄၃ သိန်းဖြစ်ကြောင်း၊ အလားတူ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ လေ့လာရေး အဖွဲ့များသည် ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်များသို့ သွားရောက်ပြီး ဘေးဖြစ် ပွားမှုအခြေအနေမှန်များကို လေ့လာခဲ့ကြကြောင်း။

ထိုသို့ အရေးပေါ် ကယ်ဆယ်ရေး ဆောင်ရွက်ပေးမှုများနှင့် နောက်ဆုံးကောက်ယူရရှိသည့် ပျက်စီးဆုံးရှုံးမှု စာရင်းများကိုလည်း မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်သတင်းစာများမှ ဆက်တိုက်သတင်းထုတ်ပြန်ဖော်ပြပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘေးဒုက္ခသည်များကိစ္စအတွက် အထောက်အပံ့ပေးရန်နှင့်လှူဒါန်းရန် အကူအညီတောင်းခံမှုမပြုကြောင်း၊ သို့သော်လည်း စေတနာအလျောက် လှူဒါန်းမှုများကို လက်ခံပြီး စနစ်တကျဖြန့်ဝေပေးနိုင်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ရေဘေးသင့်သူများအတွက် ထောက်ပံ့ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ယင်းကော်မတီ၏ အစည်းအဝေးကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၇ရက်တွင် ကျင်းပပြီး အလှူငွေနှင့် အလှူပစ္စည်းများ စနစ်တကျလက်ခံဖြန့်ဝေရေးကို ညှိနှိုင်းစီစဉ်ခဲ့ကြောင်း၊ ၂၀၀၅ခုနှစ် ဇန်နဝါရီ၂၈ရက်အထိ လက်ခံရရှိပြီး အလှူငွေနှင့်ပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၂၀၀၀၀၀၊ မြန်မာငွေကျပ် ၈၁၂၉၄၀၀ နှင့် စားသောက်ကုန်၁၁ဒသမ၄သိန်းဖိုး၊ ဆေးဝါးနှင့် အဝတ်အထည် ၉၄ဒသမ၃ သိန်းဖိုး၊ အိမ်သုံးပစ္စည်း ၉ဒသမ၆သိန်းနှင့် သွပ်ပြားအချပ် ၂၀၀၀ ခန့်မှန်းတန်ဖိုး ၄၄ဒသမ၄ သိန်း စုစုပေါင်းတန်ဖိုး ကျပ် ၁၅၉ဒသမ၇ သိန်းဖိုးခန့် ရရှိခဲ့ကြောင်း။

ဆက်လက်ပြီး မြန်မာနိုင်ငံ၌ ဆူနာမီရေလှိုင်းဒဏ်ခံရသူများအတွက် ထောက်ပံ့ လှူဒါန်းသည့် လှူဒါန်းငွေများကို မည်ကဲ့သို့ ထောက်ပံ့ပေးအပ်ခဲ့သည်ကို သတင်းစာဆရာကြီးများကို အသိပေး ပြောကြားလိုကြောင်း။

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စင်ကာပူ ရွှေကျောင်း ဆရာတော် လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ဗန္ဓုလ ဦးရွှေအပါအဝင် အိန္ဒိယ–မြန်မာကုန်သည်များ လှူဒါန်းငွေကျပ် ငါးသိန်း၊ SRI ASIA ခရီးသွားလုပ်ငန်းနှင့် ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်း က လှူဒါန်းငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် သိန်း ၂၀ ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း။

ပေးပို့လှူဒါန်း

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံး၊ ကောင်စစ်ဝန်ရုံး မိသားစုနှင့် မြန်မာနိုင်ငံရှိ တရုတ် စီးပွားရေး လုပ်ငန်းရှင်များ လှူဒါန်းငွေကျပ် ၆၁ သိန်း နှစ်သောင်းကိုး ထောင်လေးရာကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ၇ ရက်တွင် လက်ခံရရှိပြီးဆူနာမီ ရေလှိုင်းဒဏ်ကြောင့်သေဆုံးသူ၃၄ ဦး အတွက် တစ်ဦးကို ငွေကျပ်ငါးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၇ သိန်းကို ဒေသဆိုင်ရာအာဏာပိုင်များမှတစ်ဆင့် ပေးပို့လှူဒါန်းပြီး ဖြစ်ကြောင်း။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံက လှူဒါန်းခဲ့သော အမေရိကန်ဒေါ်လာ နှစ်သိန်းကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် လက်ခံရရှိပြီး ၎င်း အနက်မှ အိုးအိမ်မဲ့ပြည်သူအမျိုးသား ၁၃၀၇ဦး အတွက် ကျားလုံချည် တစ်ထည်နှင့် စွပ်ကျယ်တစ်ထည်စီ အပါအဝင်၊ အမျိုးသမီး ၁၂၈၅ ဦးအတွက် အင်္ကျီစ နှစ်ကိုက်နှင့် လုံချည် နှစ်ကိုက်စီ ထောက်ပံ့ခဲ့သည့်အပြင် ပျက်စီးသွားသော အိမ် ၆၀၁ လုံးအတွက် သွပ် ၂၅ ချပ်နှင့် သစ်နှစ်တန်စီကို ဝယ်ယူ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ လက်ကျန်ငွေဖြင့် တစ်အိမ် ဆန်နှစ်အိတ်ကျစီ ဝယ်ယူထောက်ပံ့သွားမည်ဖြစ်ကြောင်း။

လွှဲပြောင်းပေးအပ်

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စေတနာရှင် ပြည်သူများလှူဒါန်းသည့် ဆန်အိတ် ၁၅၀၊ ဘောထုပ် ၁၃၀၊ ရုပ်အင်္ကျီ၃၁ ထည်နှင့် မလုံချည် ၄၄ ထည်ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း။

မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါက လှူဒါန်းသော ခြင်ထောင် ၆၅၀၊ စောင် ၆၅၀၊ ပဝါ ၆၅၀နှင့် အဝတ်အထည် ၅၄၀၀ ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် လက်ခံရရှိပြီး Royal Ruby ကုမ္ပဏီက လှူဒါန်းသော ခြင်ထောင် ၁၀ လုံး၊ စောင် ၃၀၊ ကျားလုံချည် ၃၀၊ မလုံချည် ၃၀၊ဆေးဝါး ၆၇၆ ပုလင်း၊ အိမ်သုံးပစ္စည်း ၂၀၆ ခု၊ ဆန်တစ်အိတ်နှင့် ဆီ ၁၀ ပိဿာကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ရရှိခဲ့ကြောင်း၊ Latterday Saint Charity က ရှစ်လက်မ၊ ကိုးလက်မ ဒန်အိုး ၆၀၀၊ ၁၁ လက်မဒယ်အိုး ၃၀၀ နှင့် ဇွန်း ၃၀၀ တို့ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ရရှိခဲ့ကြောင်း၊ ပစ္စည်းအားလုံး၏ ၇၅ရာခိုင်နှုန်းကို ဧရာဝတီတိုင်းသို့ ပေးပို့ခဲ့ပြီး ၁၅ ရာခိုင်နှုန်းကို တနင်္သာရီတိုင်းနှင့် ၁၀ ရာခိုင်နှုန်းကို ရခိုင် ပြည်နယ်သို့ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ Latterday Saint Charity က ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ထပ်မံ လှူဒါန်းသည့် ခြောက်ပေ သွပ်ပြားအချပ် ၂၀၀၀ကိုလည်း မူနှင့်အညီ ခွဲဝေထောက်ပံ့သွားမှာဖြစ်ကြောင်း။

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ လူမှုရေး အဖွဲ့အစည်းများက ငလျင်ဒဏ်နှင့် ဆူနာမီရေလှိုင်းဒဏ်ခံခဲ့ရသည့် မြန်မာနိုင်ငံဒေသအချို့က ပြည်သူများအတွက် ဆေးပစ္စည်းများနှင့် ကယ်ဆယ်ရေးအထောက်အပံ့ပစ္စည်းများ၊ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း။

တိုက်ရိုက်ပေးပို့ထောက်ပံ့

အဆိုပါအခမ်းအနားတွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Carrol C. Long နှင့် World Vision International အဖွဲ့မှ ကိုယ်စားလှယ် Mr. Roger Walkerတို့ကလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ အမေရိကန် ဒေါ်လာ တစ်သိန်းခွဲ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့မှ အမေရိကန် ဒေါ်လာ ၇၈၇၉၇၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ အမေရိကန်ဒေါ်လာ ၉၄၉၆၃၊ ကုလသမဂ္ဂစားနပ် ရိက္ခာဖွံ့ဖြိုးမှု အစီအစဉ်မှ အမေရိကန် ဒေါ်လာငါးသိန်း၊ Humanitarian Service International အဖွဲ့မှ အမေရိကန်ဒေါ်လာ သုံးသောင်း၊ World Vision International အဖွဲ့မှ အမေရိကန်ဒေါ်လာ ငါးသိန်း ငါးထောင်နှင့် Support Fund Myanmar အဖွဲ့မှ ဆေးပစ္စည်းများ အပါအဝင် စုစုပေါင်း အမေရိကန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၅) တွင် နီပွန်တယ်လီဖေးရှင်းမှ ဦးအောင်ရွှေဦး မေးမြန်းစဉ်။
(သတင်းစဉ်)

ဒေါ်လာ၃သိန်း ငါးသောင်း ရှစ်ထောင် ကိုးရာလေးဆယ်နှစ် တန်ဖိုးရှိ ဆေးပစ္စည်းများနှင့် ကယ်ဆယ်ရေး အထောက်အပံ့များကိုပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ယင်းပစ္စည်းနှင့်ငွေများကို အလှူရှင် အဖွဲ့အစည်းများက ပြည်နယ်၊ တိုင်း အာဏာပိုင် အဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ဘေးဒဏ်ခံရသည့် ပြည်သူများထံ တိုက်ရိုက်ပေးပို့ ထောက်ပံ့လျက်ရှိကြောင်း။

ဧရာဝတီတိုင်းအတွက် ပေးပို့သည့် အလှူပစ္စည်းများကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ရေဘေးသင့်သူများအတွက် ထောက်ပံ့ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းက ပုသိမ်မြို့သို့ သွားရောက်ပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အတူ တာဝန်ရှိသူများထံ စနစ်တကျ လွှဲအပ်ခဲ့ကြောင်း။

အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ကို ဖွဲ့စည်းထားပြီး ဤအဖွဲ့၏ လက်အောက်၌ ပြည်နယ်၊ တိုင်းကော်မတီ၊ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီများကို ဖွဲ့စည်းထားရှိပြီး အဆင့်ဆင့်တာဝန်ပေး ဆောင်ရွက်စေခြင်း၊ဘေးဒုက္ခများအတွက် ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း၊ ဘေးဖြစ်ပွားသည်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ဘေးဒုက္ခသည်များ၏ စား၊ဝတ်၊ နေ၊ရေး ကိစ္စများကို ဒေသအလိုက် သော်လည်းကောင်း၊ ဗဟိုမှလည်းကောင်း အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်နှင့် ပင်လယ်ရေလှိုင်းဒဏ်ကြောင့် အင်ဒိုနီးရှား နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မော်လဒိုက်နိုင်ငံများ၌ လူအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ထူးခြားသော ဘူမိ အနေအထားအရလည်းကောင်း၊ ပင်လယ်ကမ်းခြေရှိ လူမနေသော ကျွန်းများ၊ ဒီရေတောများ၊ သန္တာကျွန်းများကြောင့် လည်းကောင်း၊ ငလျင်ရေလှိုင်းမှာ ဗဟိုချက်၏ အရှေ့နှင့် အနောက်သို့အပြင်းဆုံးနှင့် အကြာဆုံးရိုက်ခတ်ပြီး မြန်မာနိုင်ငံရှိရာ မြောက်ဘက်သို့ အနည်းငယ်သာ ရောက်ရှိခြင်းတို့ကြောင့်လည်းကောင်း ယခုကဲ့သို့ ဘေးဖြစ်ပွားမှု နည်းပါးရခြင်းဖြစ်ကြောင်း၊ ဘေးဒဏ်ခံရသူများသည်လည်း နိုင်ငံတော်နှင့်စေတနာရှင်များ၏ ထောက်ပံ့မှုကြောင့် ပုံမှန်အနေအထားကိုရောက်ရှိနေပြီဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဖျက်အမှောင့်လုပ်ရပ်များ

ယင်းနောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပြည်တွင်းပြည်ပအဖျက်သမားများ ပူးပေါင်းလုပ်ဆောင်နေသည့် အဖျက်အမှောင့် လုပ်ရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် သတင်းစာဆရာကြီးများကို ယခု သတင်းစာရှင်းလင်းပွဲတွင် တစ်ပါတည်း အသိပေးပြောကြားလိုသည်မှာ နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏အကျိုးစီးပွားကိုဖျက်လို ဖျက်ဆီးလုပ်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များအကြောင်းပင်ဖြစ်ကြောင်း။

ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များနှင့် ဆက်နွှယ်ပတ်သက်နေသည့် ဖြစ်စဉ်ဖြစ်ရပ်များကို အသိပေးပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခု ဆက်လက်ပြီး ထိုဖြစ်စဉ်ဖြစ်ရပ်များနှင့် ဆက်စပ်နေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ လှုပ်ရှားမှု အခြေအနေများကို သက်ဆိုင်ရာက ဖော်ထုတ်တွေ့ရှိမှုနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမည် ဖြစ်ကြောင်း။

ဖော်ထုတ်တွေ့ရှိ

၂၀၀၅ခုနှစ် ဇန်နဝါရီ ၇ရက် ညနေ ၃နာရီခန့်တွင် အသက် ၈၂နှစ်ရှိ အမေရိကန်နိုင်ငံသား မစ္စတာ Mr. Joseph Theodore Moynahan° သည် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းနေသည့် အခြေအနေကို ထိခိုက်ပျက်ပြားစေနိုင်သည့် တစ်ကိုယ်တော် ဆန္ဒပြမှုလုပ်ရပ်ကို ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ တော်ဝင်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၅)တွင် ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။
(သတင်းစဉ်)

စားသောက်ဆိုင်ရှေ့နှင့် မဟာဗန္ဓုလလမ်းပေါ်တွင် ပြုလုပ်ခဲ့သည့်အတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့က ၃၇ လမ်းရှိ ဓာခြည်ဝင်းတည်းခိုခန်းကို ခေါ်ဆောင်သွားပြီး လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ စစ်ဆေးတွေ့ရှိချက်အရ တစ်ကိုယ်တော် ဆန္ဒပြသည့် အမေရိကန်နိုင်ငံသားသည် ဝါရှင်တန်ဒီစီအခြေစိုက် US Campaign for Burma (USCB)နှင့် ဆက်စပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို ဖော်ထုတ်တွေ့ရှိရကြောင်း။

ဆက်စပ်ကြည့်မည်ဆိုလျှင် ၁၉၉၈ ခုနှစ်က နိုင်ငံခြားသားများ ရန်ကုန်မြို့တွင် ဆန္ဒပြသည့်အတွက် အရေးယူခဲ့ရသည့်ဖြစ်စဉ်မှာလည်း Free Burma Coallition(FBC)°ကစီစဉ်ခဲ့သည်ဆိုတာကို ဖော်ထုတ်ရရှိခဲ့ကြောင်း၊ USCB အဖွဲ့သည် ၂၀၀၃ခုနှစ်က FBCမှ ခွဲထွက်သွားသည့်အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံအစိုးရကို ဆန့်ကျင်သည့် နိုင်ငံခြားသားများနှင့် အမေရိကန်နိုင်ငံသားများ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ကြောင်း၊ မြန်မာလူမျိုးအနေဖြင့် အောင်ဒင်တစ်ဦးသာ ပါဝင်ကြောင်း၊ USCB °အဖွဲ့သည် အမေရိကန် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် အမတ်အချို့ကို မီခိုအားကိုးပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေးရန် ဖွဲ့စည်းထားသည့် အဖွဲ့ပင်ဖြစ်ကြောင်း။

USCB°အဖွဲ့

USCBအဖွဲ့ကို အဓိကဦးဆောင်နေသူများသည် အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် Seattleမြို့တွင် နေထိုင်သည့် Larry Dohrs နှင့် KNUအဖွဲ့ဝင်ဟောင်း Stephen Dun အပါအဝင် မက်ဆာချူးဆက် ပြည်နယ် ဘော့စတွန်မြို့နေ Simon Billenness နှင့် ဝါရှင်တန်ဒီစီနေ Jeremy Woodrum°တို့ဖြစ်ကြောင်း၊ USCBအဖွဲ့ဝင်များအဖြစ် အမေရိကန် ယူနီဗာစီတီနှင့် ဂျော့ဝါရှင်တန် ယူနီဗာစီတီတို့မှ ကျောင်းသားကျောင်းသူအချို့ပါဝင်ပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် ပြည်ပြေများ၊ အဖျက်သမား အဖွဲ့များနှင့်လည်း အဆက်အသွယ်ရှိသည်ကို ဖော်ထုတ်သိရှိရကြောင်း၊ USCB အဖွဲ့၏ Board of Member တစ်ဦးဖြစ်သူ Andrew Samet ဆိုသူသည် အမေရိကန် သမ္မတကလင်တန် အစိုးရလက်ထက်က ဒုတိယအလုပ်သမားဝန်ကြီးအဖြစ်တာဝန်ယူခဲ့သူဖြစ်ပြီး သီပေါစော်ဘွားနှင့် မဟာဒေဝီတို့၏ သမက်ဖြစ်သည် ဆိုတာကိုလည်း ဖော်ထုတ်သိရှိရကြောင်း၊ ယခုကဲ့သို့ အမေရိကန်နိုင်ငံသား၏ တစ်ကိုယ်တော်ဆန္ဒပြမှုသည် ပြည်သူလူထုအတွင်း နိုင်ငံတော်အစိုးရအပေါ် ထင်မြင်ယူဆချက်များ လွဲမှားလာအောင် လုပ်ကြံလှုံ့ဆော်မှုဖြစ်သည့်အတွက်တည်ဆဲဥပဒေအရ အရေးယူနိုင်သော်လည်း အသက်အရွယ်ကြီးရင့်မှုနှင့် နိုင်ငံအချင်းချင်းဆက်ဆံရေးအရ ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေဆိုသည့် မြန်မာတို့၏ အစဉ်အလာယဉ်ကျေးမှုကျင့်ဝတ်နှင့်အညီ နိုင်ငံတော်အစိုးရက သဘောထားကြီးစွာဖြင့် အသက် ၈၂ နှစ်အရွယ်ရှိ အမေရိကန်နိုင်ငံသားကို ဇန်နဝါရီ ၈ ရက်တွင် သူ့မိခင်နိုင်ငံကို ပြန်နိုင်ရန် ဗန်ကောက်အဲယားဝေးလေကြောင်း လေယာဉ်နှင့် တင်ပို့ပေးလိုက်ပါကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၅)သို့ တက်ရောက်လာကြသော သတင်းစာဆရာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၂ မှ

ထိုဖြစ်ရပ်နှင့် ဆက်စပ်သည့် သတင်းတစ်ပုဒ်ကိုလည်း သတင်းစာဆရာကြီးများ ကြားသိပြီး ဖြစ်ကြောင်း၊ ထိုသတင်းမှာ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ရက် ညနေပိုင်းတွင် အမေရိကန်နိုင်ငံသား ဘွိုက်ဆက်ဆိုသူခေါင်းဆောင်သည့် အမေရိကန်နိုင်ငံမှ ကျောင်းသူ ကျောင်းသား ၅၀ ခန့်သည် တစ်ဖက်နိုင်ငံ အုန်းဖန်၌ ဖွင့်ထားသည့် ဒုက္ခသည်စခန်းသို့ လာရောက်သွေးထိုး လှုံ့ဆော်သွားပြီး နယ်စပ်အခြေအနေနှင့် အဖျက်သမားများ၏ လှုပ်ရှားမှုများကို အားပေးသွားသည်ဆိုသည့် သတင်းပင်ဖြစ်ကြောင်း၊ သတင်းစာဆရာကြီးများ သိထားပြီး ဖြစ်သည့်အတိုင်း ပြည်တွင်းပြည်ပက အဖျက်သမားများသည် အကြောင်းအမျိုးမျိုးပြပြီး တစ်ဖက်နိုင်ငံတွင် အမည်ခံဒုက္ခသည်စခန်းဆိုသည်များကို ဖွင့်ထားကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ အဓိကရည်ရွယ်ချက်မှာ ပြည်ပနိုင်ငံအချို့နှင့် NGO အဖွဲ့အစည်းအသီးသီးကနေ ဒုက္ခသည်အမည်ခံရုပ်ပြနှင့် ထောက်ပံ့ငွေများတောင်းခံပြီး ၎င်းတို့၏ ကိုယ်ကျိုးအတွက် သုံးစွဲနေသည့် အကြောင်းကို ယခင် သတင်းစာရှင်းလင်းပွဲ အဆက်ဆက်တွင် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ကြောင်း၊ ထိုပြည်ပြေးအဖျက်သမားများ၏ လုပ်ရပ်သည် ကိုယ်ကျိုးရှာသည့် လုပ်ရပ်သာဖြစ်ကြောင်း။

စုံစမ်းဖော်ထုတ်

ဆက်လက်ပြီး ပြည်တွင်းပြည်ပ အဖျက်သမားများ ပူးပေါင်းကြံစည် လုပ်ဆောင်နေကြသည့် အဖျက်အမှောင့်သတင်းများ စုံစမ်းဖော်ထုတ်ရရှိသည်နှင့်စပ်လျဉ်းပြီး တင်ပြသွားမည်ဖြစ်ကြောင်း၊ ရရှိထားသည့် သတင်းများမှာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်က ထိုင်းနိုင်ငံ မဲဆောက်မြို့ ယုံထောင်ဝင်းရှိ အမျိုးသားဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ(NDD) ရုံး၌ NDD မှ မောင်မောင်တိတ်နှင့် KNPP မှ ဖဒိုအောင်သန်းလေးတို့သည် ဘီဘီစီသတင်းထောက် ဝင်းမြင့်၊ NLD(LA) စည်းရုံးရေးမှူး ကျော်လှတို့နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း သတင်းထောက်လှမ်းရေးကိစ္စကို ဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးညှိနှိုင်းချက်အရ မဲဆောက်မြို့ ဘုံဖိုင်ကျေးရွာရှိ အဖျက်သမားအဖွဲ့တစ်ဖွဲ့က ဦးစီးဖွင့်လှစ်သည့် တိုက်ခိုက်ရေးနှင့် ဖောက်ခွဲရေးသင်တန်းဆင်း နှစ်ဦးကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာအတွင်းက မြဝတီလမ်းကြောင်းမှ တစ်ဆင့် ရန်ကုန်ကိုစေလွှတ်ရန် စီစဉ်ခဲ့ကြောင်း။

အလားတူပင် ထိုင်းနိုင်ငံ မဲဆောက်မြို့ဈေးအနီးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ၂၀၀၄ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်က ဗကသဟောင်းနှစ်ဦးဖြစ်သည့် သိန်းဝင်းနှင့် မင်းနိုင်တို့သည် မော်လမြိုင်မြို့ပေါ်၌ ဖောက်ခွဲဖျက်ဆီးရေးအဖျက်လုပ်ငန်း လုပ်ရန်အတွက် ထိုင်းနိုင်ငံတွင် တရားမဝင် သွားရောက်အလုပ်လုပ်နေကြသူ မြန်မာအချို့ကို စည်းရုံးပြီး ဖောက်ခွဲရေးပစ္စည်းများကို ဘုရားသုံးဆူတောလမ်းအတိုင်း ကျိုက်မရောမြို့သို့ပို့ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုဗကသဟောင်းနှစ်ဦးနှင့်အတူ အခြားဗကသအဖွဲ့ဝင်လေးဦးသည် မဲဆောက်မြို့ တောရကျောင်း၌ သင်္ကန်းဝတ်နှင့် နေထိုင်ပြီး လှုပ်ရှားနေခြင်းဖြစ်ကြောင်း။

ငွေကြေးထောက်ပံ့

ပြည်ပတွင် တရားမဝင်ဖွဲ့ထားသည့် မြန်မာနိုင်ငံအလုပ်သမားအဖွဲ့ချုပ် (FTU) ကလည်း လူ့ဘောင်သစ်အဖွဲ့ကို ငွေကြေးထောက်ပံ့ပြီး မြန်မာနိုင်ငံအတွင်းတွင် ဖောက်ခွဲရေးလုပ်ရန် ၂၀၀၄ခုနှစ် နိုဝင်ဘာလက စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ဖောက်ခွဲရေးတာဝန်ကို လူ့ဘောင်သစ်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဖြူးမြို့ ရုပ်ရှင်ရုံကို ဖောက်ခွဲဖျက်ဆီးခဲ့သူ ဖောက်ခွဲရေးသမား ရန်ကျော်(ခေါ်)ရာမကို တာဝန်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့အတူ ထိုင်းနိုင်ငံ မဲဆောက်မြို့၌ အခြေပြုထားသည့် ပြည်ပြေး NLD (LA) မှ မင်းသိန်းသည် အသက်၄၀ခန့်ရှိသည့် မြန်မာအမျိုးသမီးတစ်ဦးကို ဇန်နဝါရီပထမအပတ်တွင် ထိုင်းဘတ်ငွေ၈၀၀၀ပေးပြီး ပဲခူးကို မိုင်းနှစ်လုံးပို့ခိုင်းခဲ့ကြောင်း။

ထိုင်းနိုင်ငံ ကန်ချနဘူရီမြို့၌ အခြေပြုထားသည့် အကြမ်းဖက်အဖျက်သမားအဖွဲ့ဖြစ်သော စွမ်းအားမြင့်ကျောင်းသားစစ်သည်တော်အဖွဲ့မှ စိုးမိုးထွန်းသည် ၎င်းတို့အဖွဲ့မှ သေဆုံးသွားပြီးဖြစ်သည့် မြင့်သန်း(ခေါ်)ဗေဒါ၏ နာမည်ကိုခံယူပြီး ၂၀၀၅ခုနှစ် ဇန်နဝါရီ ပထမအပတ်တွင် ဆန်စဖန်ခွဲမြို့မှတစ်ဆင့် ရနောင်းမြို့ကိုရောက်ရှိလာပြီး လူသစ်စုဆောင်းရေးစီစဉ်ခဲ့သကဲ့သို့ အခြားအဖွဲ့ဝင်သုံးဦးဖြစ်သည့် ရဲသီဟ၊ စိုးသီဟနှင့် ကျော်စိုးတို့ကလည်း ဇန်နဝါရီ၇ရက်တွင် ရနောင်းကို ရောက်ရှိလာပြီး မြန်မာလူမျိုးတစ်ဦးနှင့် လျှို့ဝှက်တွေ့ဆုံခဲ့ကြောင်း။

တစ်ဆက်တည်းမှာပင် စွမ်းအားမြင့်ကျောင်းသားစစ်သည်တော်အဖွဲ့မှ ရဲသီဟ(ခေါ်)စန်းနိုင်ဦးစီးသည့် အဖွဲ့သည် ၈၈အရေးအခင်းဆူပူမှုတွင် ပါဝင်လှုပ်ရှားခဲ့သူ၊ ဖောက်ခွဲရေးနည်းပညာများကို မိုးသီးဇွန်၏ ကူညီမှုနှင့် နိုင်ငံတစ်နိုင်ငံတွင် သင်ခဲ့ဖူးသူသုံးဦးကို အမျိုးသားညီလာခံကို နှောင့်ယှက်ဖျက်ဆီးရန်အတွက် မြဝတီ–သံဖြူဇရပ်–ဘုရားသုံးဆူလမ်းကြောင်းအတိုင်း ရန်ကုန်မြို့သို့ စေလွှတ်ခဲ့သည့် သတင်းများကိုရရှိခဲ့ကြောင်း။

လေ့ကျင့်ပေး

ဆက်လက်ပြီး အသိပေးလိုသည်မှာ မြန်မာနိုင်ငံအတွင်းဝင်ရောက်ပြီး အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ လုပ်ဆောင်နေကြသည့် ပြည်ပြေးအဖျက်သမားများကို ဒီမိုကရေစီ လိုလားပါသည်ဆိုသည့် နိုင်ငံကြီးသားအချို့က အကြမ်းဖက်အဖျက်လုပ်နည်းလုပ်ဟန်များကို တာဝန်ယူသင်ကြားပို့ချလေ့ကျင့်ပေးနေသည့် အကြောင်းပင်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံ မဲဆောက်မြို့ မြောက်ဘက်ခြောက်မိုင်ကွာ ကျောက်တောင်အနီးရှိ စခန်းတစ်ခုတွင် အကြမ်းဖက်အဖျက်သမားအဖွဲ့တစ်ဖွဲ့က ဦးစီးသည့် ကွန်မန်ဒိုသင်တန်းတစ်ခုကို ပြီးခဲ့သည့် ၂၀၀၄ခုနှစ် ဒီဇင်ဘာလကုန်ရက်က စတင်ပြီး ရက်သတ္တပတ်ခြောက်ပတ်ကြာ ဖွင့်လှစ်ခဲ့ရာ အမေရိကန်နိုင်ငံသား တစ်ဦးနှင့် ဗြိတိသျှနိုင်ငံသားတစ်ဦးတို့က နည်းပြအဖြစ် တာဝန်ယူပို့ချနေကြောင်း၊ ထိုသင်တန်းက ဆင်းလာသည့် အဖျက်သမားဖောက်ခွဲရေးသမားများသည် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ပြီး အဖျက်လုပ်ရပ်များ ကျူးလွန်ရန် စီစဉ်ထားသည့် သတင်းကို ရရှိခဲ့ကြောင်း။

ထိုသို့ ပြည်တွင်းပြည်ပ အဖျက်သမားများ ပူးပေါင်းကြံစည်နေသည့် အဖျက်အမှောင့် လှုပ်ရှားမှုသတင်းများနှင့် တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံအတွင်းတွင် ဖောက်ခွဲဖျက်ဆီးမှု ဖြစ်စဉ်နှစ်ခု ဖြစ်ပွားခဲ့ကြောင်း။

လက်လုပ်မီးရှို့မိုင်း

ပထမဖြစ်စဉ်မှာ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၆ရက် နံနက် ၆နာရီ မိနစ်၄၀ ခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက် ရတနာလမ်း အမှတ် ၆၁ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၏ အနောက်ဘက်လမ်းကြား၌ ငါးလက်မရှိ စက္ကူဘူးခွံအတွင်း တစ်လက်မ ပတ်လည်ရှိ ပေါင်ဒါဘူး အစိမ်းရောင်ထဲတွင် ယမ်းထည့်ထားသည့် တစ်လက်မ ငါးစင်တီမီတာရှိ လက်လုပ်မီးရှို့မိုင်းတစ်ခု ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ထိုပေါက်ကွဲမှုမှာ လူ၊ ပစ္စည်း ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း။

ဒုတိယဖြစ်စဉ်မှာ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၇ရက် နံနက်၆ နာရီ မိနစ် ၄၀တွင် တနင်္သာရီတိုင်း ထားဝယ်မြို့ အဝေးပြေးကားဂိတ် အဝင်ပေါက်ဂိတ်တဲ အနောက်ဘက်အုတ်နံရံအတွင်းမှ မိုင်းတစ်လုံးပေါက်ကွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် အုတ်နံရံခြောက်ပေခန်းတစ်ခန်း ပျက်စီးသွားကြောင်း၊ တစ်ဆက်တည်းမှာပင် ထိုနေ့နံနက် ၇နာရီတွင် ထားဝယ်မြို့ အဝေးပြေးကားဂိတ် ထွက်ပေါက်ဂိတ်တဲ၏ အနောက်ဘက်အုတ်နံရံအတွင်း ကပ်လျက်နေရာ၌ ဒုတိယအကြိမ်မြောက် မိုင်းတစ်လုံး ထပ်မံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၅)တွင် ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို သတင်းစာဆရာများ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပေါက်ကွဲခဲ့ခြင်းကြောင့် အုတ်နံရံအောက်ခြေတွင် တစ်ပေခန့် အပေါက်ဖြစ်သွားခဲ့ကြောင်း၊ ထိုမိုင်းပေါက်ကွဲမှုနှစ်ခုကြောင့် လူထိခိုက်မှုမရှိကြောင်းနှင့် ပေါက်ကွဲသွားသည့် မိုင်းနှစ်လုံးသည် ဒေသန္တရလုပ်ချိန်ကိုက်မိုင်းဖြစ်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း။

ဆက်လက်ပြီး မြန်မာနိုင်ငံအတွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ ကျူးလွန်နေသည့် အကြမ်းဖက်သမားအဖွဲ့တစ်ဖွဲ့ဖြစ်သည့် စွမ်းအားမြင့်ကျောင်းသား စစ်သည်တော်အဖွဲ့နှင့် ဆက်စပ်ပတ်သက်နေသည့် သုံးသပ်ချက်တစ်ရပ်ကို တင်ပြသွားမည်ဖြစ်ကြောင်း၊ သတင်းစာဆရာကြီးများ သိရှိပြီးဖြစ်သည့်အတိုင်း ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က ရန်ကုန်မြို့ ဇော်ဂျီဟောက်စ် စားသောက်ဆိုင်တွင် ဗုံးဖောက်ခွဲခဲ့မှုသည် ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု စွမ်းအားမြင့်ကျောင်းသား စစ်သည်တော်အဖွဲ့က ကြေညာခဲ့ကြောင်း၊ ထိုကြေညာမှုနှင့် ပတ်သက်ပြီး အင်တာနက်ပေါ်တွင် Maximilian Wechsler ဆိုသူက ဝေဖန်သုံးသပ်ထောက်ပြထားသည်ကို အသိပေးလိုကြောင်း။

အကြမ်းဖက်လုပ်ရပ်

အင်တာနက်ပေါ်တွင် ဘယ်လိုဝေဖန်ထားသလဲဆိုလျှင် စွမ်းအားမြင့်ကျောင်းသား စစ်သည်တော်များ အဖွဲ့သည် ဒီမိုကရေစီလိုလားပါသည်ဆိုပြီး သံရုံးစီးနင်းတိုက်ခိုက်မှု၊ လေယာဉ်အပိုင်စီးမှု၊ ဆေးရုံစီးနင်း တိုက်ခိုက်မှု၊ ပြည်သူလူထုအတွင်း ဗုံးဖောက်ခွဲမှုများကို ကျူးလွန်နေကြောင်း၊ ဤသို့ အဖျက်လုပ်ရပ်ကျူးလွန်နေခြင်းကို ပြည်ပရှိ မြန်မာပြည်ပြေးများက ပွင့်ပွင့်လင်းလင်းတားဆီးမှုမရှိသည့်အပြင် အချို့က ထောက်ခံအားပေးနေသည်ကိုတောင်တွေ့ရှိရသည့်အကြောင်း၊ စွမ်းအားမြင့်ကျောင်းသား စစ်သည်တော်ဆိုသူများ၏ လုပ်ရပ်သည် မြန်မာအစိုးရကို မထိခိုက်ဘဲ ပြည်သူများကိုသာ ထိခိုက်သေကျေ ပျက်စီးစေသည့် အကြမ်းဖက်လုပ်ရပ် ဖြစ်သည်ဟု ဝေဖန်ထားသည့် အကြောင်းကို သတင်းစာဆရာကြီးများအား အသိပေးတင်ပြလိုကြောင်း။

တစ်ဆက်တည်း တင်ပြလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရဟု အမည်ခံထားသည့် °°°°NCGUBအဖွဲ့၏ ခေါင်းဆောင် ပြည်ပြေး စိန်ဝင်းသည် ဒီမိုကရေစီရေး ဟန်ပြ ကြွေးကြော်ပြီး ပြည်ပနိုင်ငံအချို့နှင့် နိုင်ငံတကာ NGO အဖွဲ့များဆီက ထောက်ပံ့ငွေများ၊ မြန်မာနိုင်ငံအကြောင်း မသိနားမလည်သည့် နိုင်ငံခြားသားများနှင့် ပြည်ပရောက်မြန်မာနိုင်ငံသားအချို့ဆီက ရန်ပုံငွေများကို နည်းအမျိုးမျိုးဖြင့် တောင်းခံရယူပြီး ၎င်း၏ကိုယ်ကျိုးအတွက် တစ်ဖက်လှည့်နှင့် အသုံးချနေသည်ဆိုသည့် သတင်းများရရှိထားကြောင်း၊ ပြည်ပြေးစိန်ဝင်းသည် ၂၀၀၅ခုနှစ် ဇန်နဝါရီ၁၂ရက်တွင် နိုင်ငံခြားသားအချို့နှင့် နိုင်ငံခြားရောက်မြန်မာနိုင်ငံသားများဆီကို မြန်မာအစိုးရ ဆန့်ကျင်ရေးနှင့် ရန်ပုံငွေထည့်ဝင်ရေးဆိုပြီး သွေးထိုးလှုံ့ဆော်စာများကို ပြည်ပတွင် ပေးပို့ဖြန့်ချိပြီး တစ်ဖက်က ကိုယ်ကျိုးရှာရင်း တစ်ဖက်ကလည်း တိုင်းဖျက် ပြည်ဖျက်လုပ်ရပ်များ ပူးပေါင်းကျူးလွန်ရန် စည်းရုံးလှုပ်ရှားနေကြောင်း အထောက်အထားများ ရရှိထားကြောင်း။

အထင်အမြင်လွဲများ

သတင်းစာဆရာကြီးများအားလုံး သိပြီး ဖြစ်ကြောင်း၊ နိုင်ငံခြားရောက်မြန်မာနိုင်ငံသားအများစုသည် သူတို့၏ စီးပွားရေး၊ ပညာရေးနှင့်လုပ်ငန်းတာဝန်အရ နိုင်ငံခြားတွင် ရိုးရိုးသားသားသွားရောက် လုပ်ကိုင်၊ ပညာရှာ၊ တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ ပြည်ပြေးများကဲ့သို့ အာဏာရရှိရေးအတွက် နိုင်ငံတော်အစိုးရကို ဆန့်ကျင်သည့် သဘောထားမရှိကြ၍ ပြည်ပြေးများ ဘယ်လောက်ပဲ ဆွဲဆောင်စည်းရုံးသော်လည်း မည်သို့မှ ထောက်ခံမှုမျိုးကိုမျှ မရခဲ့သည့်အတွက် ယခုလိုသွေးထိုးလှုံ့ဆော်စာဖြန့်ဝေပြီး နိုင်ငံတော်အစိုးရအပေါ် အထင်အမြင်လွဲမှားအောင် လုပ်ကြံစည်းရုံးနေခြင်းပင်ဖြစ်ကြောင်း။

နောက်ဆုံးရရှိသည့် သတင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီဟု အမည်ခံထားသည့် NCUB°°တွင် အတွင်းရေးမှူးလုပ်နေသူ FTUB°°အဖွဲ့မှ ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်က ၎င်းတို့အဖွဲ့ နိုင်ငံတကာအဆက်အသွယ်နှင့်ထောက်ပံ့မှုများ မရရှိအောင် NCGUB°မှ ပြည်ပြေးစိန်ဝင်းတို့အဖွဲ့က ပိတ်ပင်တားဆီးနေသည်ဟု စွပ်စွဲပြီး ပြည်ပြေးများအတွင်းတွင် အချင်းချင်းအဝေမတည့်ဘဲ သူ့ထက်သူလုစွမ်းကောင်းလုပ်နေသည့် သတင်းပဲဖြစ်ကြောင်း၊ ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်သည် ပြည်ပြေးစိန်ဝင်းတို့နှင့် ထပ်ဆင့်စင်ပြိုင်ပြီး NCUB°°အနေနှင့် နောက်ထပ်စင်ပြိုင်အစိုးရတစ်ခုဖွဲ့ရန် ကြိုးစားနေကြောင်း၊ ထိုစင်ပြိုင်အစိုးရအဖွဲ့တွင် သူ့ကိုယ်သူ ဝန်ကြီးချုပ်ဖြစ်အောင် စည်းရုံးလှုပ်ရှားနေကြောင်း၊ သို့ရာတွင် ထိုအဖွဲ့တွင်းမှာပင် အချို့က ပြည်သစ်ညွန့်ဝေကို မကြိုက်သလို သူ့ရဲ့အစီအစဉ်ကိုလည်း မထောက်ခံကြကြောင်း၊ ပြည်သစ်ညွန့်ဝေကတော့ ၎င်းကို ဆန့်ကျင်နေသည့်အဖွဲ့ဝင်အချို့ကို လာဘ်ငွေတွေပေးပြီး ၎င်းဘက်ပါအောင် စည်းရုံးနေသည့် သတင်းများလည်း ရရှိထားကြောင်း။

လက်ရဲဇက်ရဲကျူးလွန်

NCUB မှ ပြည်သစ် ညွန့်ဝေနှင့် အဖွဲ့သည် ၎င်းတို့ဖွဲ့မည့် စင်ပြိုင်အစိုးရကို အခြားအဖွဲ့များကအသိအမှတ်ပြုလက်ခံရန် ကြိုးစားသည့်အနေနှင့် လာမည့် ဖေဖော်ဝါရီလတွင် တစ်ဖက်နိုင်ငံ နယ်စပ်တစ်နေရာတွင် အစည်းအဝေးပြုလုပ်ရန် စီစဉ်နေသည်ဟုလည်း သိရှိရကြောင်း၊ ပြည်ပြေးများအနေဖြင့် နိုင်ငံတော်ကို ဆန့်ကျင်သည့်လုပ်ရပ်များကို ရှေ့တိုးပြီး လက်ရဲဇက်ရဲ ကျူးလွန်နေခြင်းသည် နိုင်ငံနှင့် လူမျိုး အကျိုးစီးပွားအတွက် မဟုတ်ဘဲ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သက်သက်သာဖြစ်ကြောင်း။

ပိုပြီးပေါ်လွင်လာသည်ကိုသတင်းစာဆရာကြီးများ သုံးသပ် တွေ့ရှိကြရမည်ဖြစ်ကြောင်း။

ပူးပေါင်းလုပ်ကြံလှုပ်ရှား

ယခု သတင်းစာ ဆရာကြီးများကို အသိပေး ရှင်းလင်းတင်ပြခဲ့သည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက် အမှောင့်လုပ်ငန်းရပ်များ၊ အစီအမံများ၊ ပူးပေါင်းလုပ်ကြံ လှုပ်ရှားမှုများသည် နိုင်ငံတော်နှင့်ပြည်သူများ၏ တည်ငြိမ်အေးချမ်းနေသည့် အခြေအနေကို ထိခိုက်ပျက်ပြားအောင် နည်းလမ်းအမျိုးမျိုးသုံးပြီး လုပ်ဆောင်နေခြင်းဖြစ်သလို နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားခြင်း၊ သုံးသပ်ဆင်ခြင်ခြင်း မရှိဘဲ ကိုယ့်ပါတီကိုယ့်အုပ်စု အာဏာရရေးနှင့် ကိုယ်ကျိုးရှာရေးအတွက် သွေးရူး

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

စာမျက်နှာ ၁၃ မှ

သွေးတန်းနှင့် မျက်ကန်းတစ္ဆေမကြောက် ဖောက်ပြန်သည့် အဖျက်အမှောင့် လုပ်ရပ်များသာဖြစ်ကြောင်း၊ ယနေ့ကာလတွင် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် တို့၏ ခိုင်မာကျစ်လျစ်သည့် စည်းရုံးရေးအင်အား၊ ထက်မြက်မြင့်မားသည့် ပူးပေါင်းဆောင်ရွက်မှု စွမ်းအားများနှင့် အဖျက်အမှောင့် အန္တရာယ်မှန်သမျှကို ဖယ်ရှားတားဆီး တိုက်ဖျက်သွားရမည်ဖြစ်ကြောင်း။

ဝိုင်းဝန်းဖော်ထုတ်

ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပိုင်းက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များ ထိခိုက်ပျက်စီးမှုမရှိအောင် ကြိုတင်ကာကွယ်တားဆီးမှုများဆောင်ရွက်နေသလို ပြည်သူလူထုအနေဖြင့်အဖျက်အမှောင့် သတင်းနှင့် အကြမ်းဖက်လှုပ်ရှားမှု သတင်းများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုပြီး လက်ဦးမှုရှိရှိ ဝိုင်းဝန်းဖော်ထုတ် တားဆီးကြပါ၊ လုံခြုံရေးသတိရှိစွာဖြင့် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာဆရာများ၏ မေးမြန်းချက်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က ပြန်လည်ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို နံနက် ၁၀ နာရီတွင် ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းဓာတ်ပုံများကြည့်ရှု

ယင်းနောက် သတင်းစာဆရာများသည် ခင်းကျင်းပြသထားသော အမျိုးသား ညီလာခံဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ မြေငလျင်ကြောင့် ပေါ်ပေါက်ခဲ့သည့် ငလျင်ရေလှိုင်းဖြစ်စဉ်များ၊ဆူနာမီရေလှိုင်းဒဏ်ခံရသည့် ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းတို့မှ ပြည်သူများထံသို့ သွားရောက်ကြည့်ရှုအားပေးပြီး ငွေနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် မှတ်တမ်းဓာတ်ပုံများ၊ အဖျက်အမှောင့်လုပ်ရပ်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

သတင်းစာရှင်းလင်းပွဲ မှတ်တမ်းဓာတ်ပုံများ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၅)တွင် အမျိုးသားညီလာခံနှင့်စပ်လျဉ်းသည့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

(သတင်းစဉ်)



၂၀၀၅ခုနှစ် ဇန်နဝါရီလ **၂၅ ရက်မှ ၂၆ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြေငလျင်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ဆူနာမီရေလှိုင်း အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ထိခိုက်မှု (Impact) နှင့် အရေးယူဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြခဲ့ရာ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကမ္ဘာ့ပညာရှင် အသီးသီးကသဘောပေါက် လက်ခံခဲ့ပြီးဖြစ်ပါသည်။**



အထက (ပေါင်မြို့) နှစ်(၅၀)ပြည့်ရွှေရတုသဘင် အခမ်းအနားကို ၂၄-၁၂-၂၀၀၅ရက်တွင် ကျင်းပပါမည်။

ရွှေရတုသဘင်အထိမ်းအမှတ်အဖြစ် ၈၄' x ၃၆' ဘက်စုံခန်းမဆောင် တစ်ခုကို ၂၇-၁-၂၀၀၅ရက်မှ စတင်ဆောက်လုပ်လျက်ရှိပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းပေးနိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ဒေါ်လှရီ (ကျောင်းအုပ်၊ အထက-ပေါင်မြို့)၊
၂။ ဦးကီကျွမ်း (ကျောင်းအုပ်၊ ငြိမ်း) ပေါင်မြို့၊
၃။ ဦးချစ်ဖေ ၂၀၃(ဒုထပ်)၊ တိုက် ၂၊ ယုဇနလမ်း၊ ဇေယျာမွန်အိမ်ရာ၊ ဘုရင့်နောင်၊ ရန်ကုန်၊
၄။ ဦးကျော်တင်(ကျောင်းအုပ်၊ ငြိမ်း) အမှတ် ၁၁၊ (၂၁)ရပ်ကွက်၊ မြိတ်လမ်း၊ တောင်ဒဂုံ၊ ရန်ကုန်၊ ဖုန်း-၀၁-၅၉၀၁၁၀၊
၅။ ဦးကျင်ဟိန်း (အဏ္ဏဝါဟိန်းတည်းခိုခန်း) အမှတ် ၂၆၈/၂၇၀(ဒုထပ်)၊ ဆိပ်ကမ်းသာလမ်း(အထက်)၊ ရန်ကုန်၊ ဖုန်း-၀၁-၃၈၁၇၁၆၊
၆။ ဒေါ်ရင်ဝင်း အခန်း ၇၊ တိုက် ၃၊ ခြံ ၃၊ ကျိုက်ဝိုင်းဘုရားလမ်း၊ သမိုင်းလမ်းဆုံအနီး၊ မရမ်းကုန်း၊ ရန်ကုန်၊
၇။ ဒေါ်ကွန်ချစ်ချစ် အမှတ် ၁၀၂၊ (တ)ဘလောက်၊ ၃၉လမ်း၊ ရန်ကုန်၊ ဖုန်း-၀၁-၂၄၀၁၉၈၊
၈။ ဒေါ်ထွားရီ (အထပြ၊ အထက-၆) မော်လမြိုင်။

ပေါက်ခေါင်းမြို့၌ ခရိုင်ချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ကျောက်မဲမြောင်နှင့် ကျွန်းတောကြီးကျေးရွာအနီးတွင်ဆောင်ရွက်

ပေါက်ခေါင်း ဇန်နဝါရီ ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း)ခရိုင်ချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ပေါက်ခေါင်းမြို့နယ် ကျောက်မဲမြောင်နှင့် ကျွန်းတောကြီးကျေးရွာအနီးတွင် ဆောင်ရွက်လျက်ရှိကြသည်။

ရှင်းလင်းတင်ပြ

အဆိုပါ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းခွင်သို့ ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးကြည်စိုးနှင့် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးထွန်းဝေတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ဟိုင်းကြီးကျွန်းတွင် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ငပုတော ဇန်နဝါရီ ၁၉

ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း သယ်နှံကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျပ် ၂၅ သိန်းတန် အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ ကိုယ့်အားကိုယ်ကိုး ပညာသီရိကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ ရက်က အဆိုပါ ကျောင်း၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင် တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၀၀၀၀၊ ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက ငွေကျပ် ၁၀၀၀၀၊ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်သောင်းက ငွေကျပ် ၁၀၀၀၀၊ ကေအက်စ်အန်ကုမ္ပဏီက ငွေကျပ် ၁၀၀၀၀ ထည့်ဝင်လှူဒါန်းကြပြီး ကျေးရွာမီးလင်းရေးအတွက် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဇန်နဝါရီ ၅ရက်က ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်လျက်ရှိသော ရွှေတန့်တစ်–ရွှေဒါး ကျောက်ချောလမ်းပြီးစီးမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

လယ်ဝေး မြို့တွင်းလမ်းများ ကတ္တရာခင်း

လယ်ဝေး ဇန်နဝါရီ ၁၂

လယ်ဝေးမြို့တွင်း လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော နှစ်ကျိပ်ရှစ်ဆူဘုရားလမ်း လမ်းပခုံး ဖို့ခြင်းနှင့် ကတ္တရာခင်းခြင်း လုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းဇော်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

လမ်းပခုံးဖို့

အဆိုပါ လမ်းပခုံးဖို့ခြင်းကို အရှည်ပေ ၂၁၀၀၊ အကျယ် ၄ပေနှင့် ကတ္တရာခင်းခြင်း အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ပေ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ပြည်မြို့နယ်စည်ပင် အမှုဆောင်အရာရှိ လက်ခုပ်ပင်ကျေးရွာ စက်ရေတွင်းကြည့်ရှု

ပြည် ဇန်နဝါရီ ၂၈

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေး လုပ်ငန်းများအနက် လက်ခုပ်ပင်ကျေးရွာတွင် အနက်ပေ ၂၈၀ရှိ နှစ်လက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ဇန်နဝါရီ ၂၀ရက်က အမှုဆောင်အရာရှိ ဦးဆန်းမော်ခင်နှင့် အင်ဂျင်နီယာမှူး ဦးစိုးသန်းတို့က ရေထွက်မှုနှင့် ရေစက်ရုံတည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

အဆိုပါ စက်ရေတွင်းရေထွက်နှုန်းမှာ တစ်နာရီလျှင် ရေဂါလန် ၁၀၀၀ ထွက်ရှိပြီး ကျေးရွာပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာသုံးစွဲနေရပြီဖြစ်သည်။ အဆိုပါစက်ရေတွင်းကို စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေက ငွေကျပ် ၁၂၇၆၇၀၀ ကုန်ကျခံ သုံးစွဲခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ဆောမြို့နယ် လောင်းရှည်မြို့အဝင် စလင်းချောင်း ကားကူးတံတားတည်ဆောက်ပြီးစီး ကျေးရွာပြည်သူများ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကြပြီ

ဂန့်ဂေါ ဇန်နဝါရီ ၂၄

ဂန့်ဂေါခရိုင် ဆောမြို့နယ် လောင်းရှည်မြို့အဝင် စလင်းချောင်း ကားကူးတံတားကို မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ၂၀၀၄ခုနှစ် ဇူလိုင်လက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးနေပြီဖြစ်သည်။ (အောက်ဝဲပုံ)

ငွေကျပ် သိန်း၃၀မတည်

တံတားကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်သိန်း ၃၀ မတည်၍ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ တံတားမှာ အရှည်ပေ ၃၀၀၊ အနံပေ ၂၀၊ အမြင့် ၁၈ ပေရှိပြီး သစ်သား တံတားအမျိုးအစားဖြစ်ကာ တံတား ခံနိုင်ဝန်မှာ ၁၃တန် ဖြစ်သည်။ တံတား၏ချဉ်းကပ်လမ်းမှာ ပေ ၁၈၀၀ အရှည်ဖောက်လုပ်ထားသည်။

စလင်းချောင်း ကားကူး တံတား တည်ဆောက်ပြီးစီးပြီဖြစ်၍ လောင်းရှည်မြို့ အတွင်းရှိ ကျေးရွာအုပ်စု ၁၉ အုပ်စုမှ ပြည်သူများ ဆောမြို့သို့လည်း ကောင်း၊ မကွေး၊ ချောက်၊ ပခုက္ကူ၊ ထီးလင်းနှင့် ဂန့်ဂေါမြို့များသို့လည်းကောင်း ရာသီမရွေးဆက်သွယ် သွားလာနိုင်ကြပြီဖြစ်သည်။ **(၂၇၃)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

မော်ကျွန်း ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်နှင့် ပဌာန်းရွတ်ဖတ်ပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၇

မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရား(၉၇)ကြိမ်မြောက် ဝိဇာတ ဘုရားပွဲတော်၊ (၂၅)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယ ပွဲတော်နှင့် တတိယအကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ရက် ညနေ ၃နာရီက ပြည်လုံးချမ်းသာဆုတောင်းပြည့် ဘုရားတန်ဆောင်း၌ ကျင်းပသည်။

ထို့နောက် (၂၅)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တစ်ပတ်ပင့်ဆောင် လှည့်လည်အပူဇော်ခံပွဲကို ဇန်နဝါရီ၁၇ ရက်ညနေ ၅နာရီက ပြည်လုံးချမ်းသာ ဆုတောင်းပြည့် ဘုရားမှစတင်၍ မြို့တွင်းသို့ မြို့နယ် ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့်အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များက လှည့်လည် အပူဇော်ခံကြသည်။ **(ယာပုံ)**

(၀၉၇)

ဝိနယ ပါဠိပါရဂူ ကျမ်းစာအုပ်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီး၏ ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရွှေရတုတိပိဋကဓရကောဝိဒဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ ရေးသားပြုစုတော်မူသော ဝိနယပါဠိပါရဂူ ကျမ်းစာအုပ်များကို ဒီဇင်ဘာ ၁၀ရက်က သံဃာတော် အရှင်မြတ်များအား လှူဒါန်းရာ သံဃာတော်များကိုယ်စား အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)က လက်ခံရယူသည်။ ယင်းကျမ်းစာအုပ်များကို လှူဒါန်း ပူဇော်လိုသူများသည် ရွှေမီးအိမ် စာပေ ဖုန်း ၀၁-၃၈၃၅၁၁ လိုင်းခွဲ ၁၈၄ နှင့် ရွှေတိဂုံဘုရားစောင်းတန်းရှိ စာအုပ်ဆိုင်များနှင့် မန္တလေး ဈေးချိုရှိ စာအုပ်ဆိုင်များသို့ ဆက်သွယ်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

မုဒုံမြို့နယ် သွေးလှူဒါန်းရေးကော်မတီက ကြီးမှူးကျင်းပသော သွေးလှူရှင် ဂုဏ်ပြုပွဲနှင့် ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က မုဒုံမြို့ ရွှေဟင်္သာခန်းမဆောင်တွင် ကျင်းပရာ အလှူရှင်များ စုပေါင်းလှူဒါန်းသော အလှူငွေကျပ် ခုနစ်သိန်းကျော်ကို မြို့နယ် သွေးလှူဒါန်းရေးကော်မတီ နာယက ဒေါက်တာမြင့်ဦးက လက်ခံရယူစဉ်။

(၁၆၈)

ပေါင်းတည်မြို့နယ် ဈေး၂/ရပ်ကွက် ၁၁လမ်း အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်ကကျင်းပရာ မြောက်ဥက္ကလာပ ဇမ္ဗူရတနာယဉ်ကျေး လိမ္မာသင်တန်း ၃၈ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ပေါင်းတည် တစ်မြို့နယ်လုံး ပထမရွှေတံဆိပ်ဆုရ မဝင်းပပအား ကျောင်းအုပ်ဆရာကြီး ဦးဉာဏ်မြင့်က ဆုချီးမြှင့်စဉ်။ (၀၆၄)

အမြို့မြို့ အနယ်နယ် သတင်းများ

မြို့သာယာလှပရေး စုပေါင်းဆောင်ရွက်

ဆွမ်ပရာဘွမ် ဇန်နဝါရီ ၈

ဆွမ်ပရာဘွမ်မြို့သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဒေဝအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်း၍ မြို့သာယာလှပရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ (မြို့နယ် စည်ပင်)

ခင်ဦးမြို့ အထက ပညာရေးစုံညီပွဲတော်ကျင်းပ

ခင်ဦး ဇန်နဝါရီ ၁၅

ခင်ဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၅ရက် နံနက်၁၀နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပရာ ဘင်ခရာတပ်ဖွဲ့များက မြန်မာ့ကျောင်း သီချင်းတီးမှုတ်၍ ပန်းဖွားအကဖြင့် ဖွင့်လှစ်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မိုးသန်းက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးလှမြင့်လွင်က မြို့နယ်ဘက်စုံထူးချွန်ဆုများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်မောင်သိန်းက အားကစားဆုများကို လည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မျိုးငြိမ်းက ကျပန်းစကားပြောပြိုင်ပွဲဆုများကိုလည်းကောင်း၊ မြို့နယ် စခန်းမှူးရဲအုပ်သိန်းဝင်းက စာစီစာကုံးပြိုင်ပွဲ ဆုများကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါ်တင်မကြီးက မြန်မာနှင့်နိုင်ငံတကာ ဆက်ဆံရေး ဓလေ့ထုံးတမ်း တတ်ကျွမ်းမှုပြိုင်ပွဲဆုရ မန္ဒေးနန္ဒာဝေအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာရေးစုံညီပွဲတော် ပေါင်မြို့၌ကျင်းပ

ပေါင် ဇန်နဝါရီ ၁၅

၂၀၀၄-၂၀၀၅ပညာသင်နှစ် ပေါင်မြို့နယ်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က ပေါင်မြို့နယ်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ပညာရေးစုံညီပွဲတော်ကို ထူးချွန်ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းမြနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ချစ်တို့က အမှာစကား ပြောကြားကြပြီး ပေါင်မြို့နယ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ အောင်ချက်အကောင်းဆုံးဆု၊ သင်ကြားရေးထူးချွန်ဆု၊ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဆု၊ ဘက်စုံထူးချွန်ဆုများနှင့် အားကစားထူးချွန်ဆုများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးဆရာအဖွဲ့ ကျောင်းကုန်းမြို့နယ်၌ ကွင်းဆင်း ကုသပေး

ကျောင်းကုန်း ဇန်နဝါရီ ၂၃

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော ကျေးလက်ဒေသ အောက်ခြေအထိ ကွင်းဆင်း၍ တိုင်းရင်းဆေးဆရာအဖွဲ့က တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကုသခြင်းနှင့်ဟောပြောပွဲကို ဇန်နဝါရီ ၁၈ရက် နံနက် ၁၀နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ပေါက်ဆိန်ပဲ့ ကျေးရွာရှိ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝေက မြန်မာ့တိုင်းရင်းဆေးပညာ၏ တန်ဖိုး၊ ဆေးဖက်ဝင်အပင်များ၏ တန်ဖိုးနှင့်အကျိုးသက်ရောက်မှုတို့ကို ရှင်းလင်းပြောကြားပြီး ကျေးရွာ ရှစ်ရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ကျေးလက်ပြည်သူများကို တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်း၍ ဆေးဝါးများ ကုသပေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

(၂၆၅)

မြန်မာ့အသံ

၃-၂-၂၀၀၅

(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(ဦးဥတ္တမသာရဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ရွှေပြည်သာစက်မှုဇုန်က သတ္တုဗေဒအင်ဂျင်နီယာကုန်ထုတ် သမဝါယမလီမိတက်)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)မိတ်ဆွေသုံးဖော် (ဒေါက်တာအေးမွန်) (၂)မြန်မာ့ရိုးရာဓမ္မသတ်ပုံပြင်များ (ဦးဝမ်ထိန်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ကျေးလက်နှင့် သိပ္ပံအကြောင်း-မောင်ဆုရှင်)

၁၂း၁၀ အစာနှင့်အာဟာရ (သရက်တောထိုးမုန့်)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၆း၄၀ ဆွေးနွေးခန်း(မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ)

၁၇း၀၀ ဟောပြောချက် (တိုးတက်စည်ပင် ပြည်ထောင်စုတစ်ခွင်)

၁၇း၁၅ သုတရေးရာဖြေကြားလွှာ

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (စုစည်းအားမာန်)

ဇန်နဝါရီ ၁၃ရက်က သရက်မြို့ လမ်းမတော်လမ်းရှိ ရွှေရင်အေးတံတားပြင်ဆင်မှုကို မြို့နယ်ဥက္ကဋ္ဌဦးမျိုးမြင့်၊ အမှုဆောင်အရာရှိ ဦးမျိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဒေါ်ခင်မာမာဝင်းတို့ စစ်ဆေးကြည့်ရှုကြစဉ်။

(မြို့နယ်စည်ပင်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နိုင်ငံတကာအဆင့်မီ Auto CAD&CNC သင်တန်းများတက်ရောက်ရန်

လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာ ကောလိပ်၊ မန္တလေး၊ မိတ္ထီလာ၊ မုံရွာ၊ ကျောက်ဆည်၊ အေးသာယာနှင့် အစိုးရစက်မှုလက်မှု သိပ္ပံ၊ အင်းစိန်(အောင်ဆန်း)တို့တွင် သင်တန်းကို ဖွင့်လှစ်မည် ဖြစ်ပါသဖြင့် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ **ဖွင့်လှစ်ပို့ချမည့်သင်တန်း**

Specialized Auto CAD&CNC Training Course၊ ဤသင်တန်းပြီးဆုံး၍ တတ်ကျွမ်းသူများအား ပြည်တွင်းပြည်ပမှ ကုမ္ပဏီကြီးများတွင် လုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။

၃။ သင်တန်းကာလ(၃)လ၊ သင်တန်းချိန်(တနင်္လာနေ့မှသောကြာနေ့)အထိ နေ့စဉ်ညနေ ၅း၀၀နာရီမှ ၈း၀၀နာရီ၊ စနေနေ့၊ တနင်္ဂနွေနေ့များတွင် နံနက် ၈း၀၀နာရီမှ ညနေ ၃း၀၀နာရီ

၄။ **လျှောက်ထားရန်လိုအပ်သည့်အရည်အချင်းများ**

(က) အစိုးရနည်းပညာကောလိပ်၊ စက်မှုလက်မှုသိပ္ပံများမှ A.G.T.I (MP/MT/EC/EP/ Mechatronics), EGTI(MP/MT/EC/EP),B.E(Mechanical, EC ,EP Mechatronics,IE), YTU ညနေပိုင်း (Mechanical) သင်တန်း အောင်မြင်ပြီးသူများ ဖြစ်ရမည်။

(ခ) ကျန်းမာရေးနှင့်ပြည့်စုံသူများ ဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

(ဃ) အောင်လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူပူးတွဲတင်ပြရမည်။

၅။ **သင်တန်းပို့ချမည့်ဌာန**–အစိုးရနည်းပညာကောလိပ်၊ မန္တလေး၊ မိတ္ထီလာ၊ မုံရွာ၊ ကျောက်ဆည်၊ အေးသာယာနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန် (အောင်ဆန်း)။

၆။ အသေးစိတ် အချက်အလက်များကို အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်၊ စကားပြောကြေးနန်း အမှတ်–၀၁–၆၄၀၅၈၇၊ အစိုးရနည်းပညာကောလိပ်၊ မန္တလေး၊ စကားပြောကြေးနန်းအမှတ်– ၀၂–၃၆၆၈၁နှင့် သက်ဆိုင်ရာကျောင်းများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၇။ လျှောက်လွှာပုံစံများကို အစိုးရနည်းပညာကောလိပ်၊ မန္တလေး၊ မိတ္ထီလာ၊ မုံရွာ၊ ကျောက်ဆည်၊ အေးသာယာနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန် (အောင်ဆန်း)တို့တွင် ၁–၂–၂၀၀၅ရက်နေ့မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

၈။ **သင်တန်းသားလက်ခံမည့်အစီအစဉ်**

လျှောက်လွှာပိတ်ရက်	–	၂၈–၂–၂၀၀၅
လူတွေ့စစ်ဆေးမည့်နေ့ရက်	–	၁–၃–၂၀၀၅
တက်ရောက်ခွင့်ရသူများအမည် စာရင်းထုတ်ပြန် ကြေညာချက်	–	၃–၃–၂၀၀၅
သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	–	၉–၃–၂၀၀၅

ဦးမောင်မောင်လွင်၊ ဒေါ်မြင့်မြင့်ချိုနှင့်ဒေါ်စန္ဒာညွန့်တို့သုံးဦးသိစေရန်

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်၉၆နေ၊ ဦးသိန်းကျော်စံ ၁၁/စတန(နိုင်) ၀၂၃၇၇၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းကျော်စံ ပိုင်ဆိုင်သော ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ ဝေဇယန္တာအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်း ၁၁၁ ဟုခေါ်တွင်သည့်တိုက်ခန်းနှင့်စပ်လျဉ်း၍ ဦးမောင်မောင်လွင်အက်စ်ကေအင်န်–၀၀၀၁၇၈၊ ဒေါ်မြင့်မြင့်ချိုအီးအမ်းအီး–၁၂၇၂၅၄ တို့အား ငှားရမ်းထားသော တိုက်ခန်းဖြစ်ကြောင်း၊ မည်သူမျှပိုင်ရှင်မသိဘဲတစ်နည်းနည်းလွှဲပြောင်းခြင်း မပြုရန် သတိပေးတားမြစ်ကြေညာချက်ကို ၁၆–၁–၂၀၀၅ နေ့က မြန်မာ့အလင်း သတင်းစာတွင်ကြေညာခဲ့ပါသည်။

ဦးသိန်းကျော်စံ၏ ကြေညာချက်အပေါ် ဦးစန်းဝင်း (တရားရုံးချုပ်ရှေ့နေ)၏ ၂၁–၁–၂၀၀၅နေ့စွဲပါ ပြန်လည်ဖြေရှင်းအသိပေးကြေညာချက် (မြန်မာ့အလင်းသတင်းစာ)အရ အထက်ပါ တိုက်ခန်းသည် ဦးသိန်းကျော်စံက ဦးမောင်မောင်လွင်သို့ ၂၇–၈–၂၀၀၁နေ့တွင် ရောင်းချခဲ့ကြောင်း၊ ဦးမောင်မောင်လွင်၊ ဒေါ်မြင့်မြင့်ချိုတို့ထံမှ ဒေါ်စန္ဒာညွန့်က ၂၅–၁၂–၂၀၀၄နေ့တွင် တိုက်ခန်း အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ဖြေရှင်းကြေညာခဲ့ပါသည်။

ဦးသိန်းကျော်စံက ဦးမောင်မောင်လွင်အား အဆိုပါတိုက်ခန်းကို ၂၇–၈–၂၀၀၁ နေ့တွင် ရောင်းချခြင်းလုံးဝမရှိခဲ့ပါ။ ဦးသိန်းကျော်စံနှင့်ဦးမောင်မောင်လွင်၊ ဒေါ်မြင့်မြင့်ချိုတို့၏ ၂၇–၈–၂၀၀၁ ရက်စွဲပါအိမ်ရှင်၊ အိမ်ငှားစာချုပ်အရ ဦးမောင်မောင်လွင်နှင့်ဒေါ်မြင့်မြင့်ချိုတို့ကို ငှားရမ်းထားခဲ့ပါသည်။ ထို့နောက် အကြိမ်ကြိမ်အိမ်ရှင်/အိမ်ငှားစာချုပ်များဖြင့် ငှားရမ်းလာခဲ့ရာ ၂၆–၈–၂၀၀၄ရက်စွဲပါ အိမ်ရှင်/အိမ်ငှားကတိစာချုပ်အရ၂၇–၈–၂၀၀၄မှ၂၆–၂–၂၀၀၅နေ့အထိ ငှားရမ်းထားခြင်းဖြစ်ပါသည်။

ဦးသိန်းကျော်စံနှင့်ဦးမောင်မောင်လွင်တို့ ချုပ်ဆိုထားသည့် တည်ဆဲ အိမ်ရှင်/အိမ်ငှားစာချုပ်ကို ဖောက်ဖျက်ပြီး ယခုကဲ့သို့ အခြားသူထံသို့ လွှဲပြောင်း ရောင်းချခဲ့ခြင်းဖြစ်သဖြင့် တိုက်ခန်းကို ဆက်လက်ငှားရမ်းခြင်းမပြုတော့ဘဲ ၂၆–၂–၂၀၀၅ နေ့တွင် အိမ်ရှင်/အိမ်ငှားရပ်စဲကြောင်း ကြေညာပါသည်။

သို့ဖြစ်၍ အိမ်ငှားများနှင့် ၎င်းတို့ကိုဆက်နွယ်၍ အဆိုပါတိုက်ခန်းတွင် ဝင်ရောက်နေထိုင်သူများပါ တိုက်ခန်းမှ ၂၆–၂–၂၀၀၅ နေ့တွင် ဖယ်ရှားပေးရန်နှင့်အကယ်၍ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီအရေးယူမည်ဖြစ်ကြောင်း ကြေညာပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဦးစံသာကျော်	**ဦးလှိုင်မြင့်**
တရားရုံးချုပ်ရှေ့နေ(B.A,B.L)	**တရားရုံးချုပ်ရှေ့နေ(LL.B)**
အမှတ်–၅၆ (မြေညီထပ်)၊	**အမှတ်–၅၀၊ အခန်း(ဘီ/၃) ပထမထပ်၊**
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။	**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၆ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်
(၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၃၁ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အကျိုးအတွက် ၂၀၀၅ခုနှစ် မတ်လတွင် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာပြပွဲတွင် သင့်တော်သည့် အခြေခံရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ယှဉ်ပြိုင်ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းအနေဖြင့်လည်း ယခင် ရတနာပြပွဲများအတိုင်း၊ ရောင်းရငွေများရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning) အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနများဖြင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များများ တက်ရောက်စေရန် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပမည့်(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့်ကျောက်မျက်ရတနာများကို ၂၀၀၅ခုနှစ် ဇန်နဝါရီလ ၅ရက်မှ ဖေဖော်ဝါရီလ ၁၈ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို စစ်ဆေးခြင်းနှင့် အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၄။ ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် ကျောက်စိမ်း/ ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့ အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါ လုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ခန့်ထားရန်)

၁။ အုပ်ချုပ်ရေးမှူး (ဘွဲ့ရ)– ကျား (၁) ဦး (အသက် ၃၀–၄၅ အတွင်း) အိမ်ထောင်ရှိသူများ လာရောက်လျှောက်ထားနိုင်သည်။

၂။ ကြီးကြပ်ရေးမှူး(ဘွဲ့ရ) – ကျား (၂) ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထား၊ ရပ်ကွက်ထောက်ခံစာတို့ကို အောက်ပါ လိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။ နယ်မှ ဖြစ်ရမည်။

လိပ်စာ – **အမှတ် (၁၁၅)၊ ရေလမ်း၊ စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့။ ဖုန်း– ၇၀၆၅၃၃။**

အမွေပြတ်စွန့်လွှတ်ခြင်း

မောင်သိန်းနိုင် ၁၂/လမန(နိုင်) ၀၁၃၄၉၄ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒသဘော အလျောက် ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင်တွင် ၎င်းနှင့် ပတ်သက်၍ လုံးဝ တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

ဦးစိုးညွန့်
၁၂/လမန(နိုင်)၀၁၃၄၀၆။

အထက(၂)လသာနှင့်(ယခင်စိန့်ဂျွန်းကွန်ဗင့်) ကျောင်းသူဟောင်းများသိစေရန်

အထက(၂)လသာကျောင်းသူဟောင်းများမှ (၁၉၆၄ ခုနှစ်မှ ယခုနှစ်အထိ) ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)နှင့်အထက် ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၀၅ခုနှစ် ဧပြီလ ၃ရက် (တနင်္ဂနွေ)နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

ပူဇော်ကန်တော့ပွဲအကြိုညှိနှိုင်းအစည်းအဝေးကို (၅–၂–၂၀၀၅) စနေနေ့ မွန်းလွဲ(၁)နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ (၁၉၆၄ ခုနှစ်မှ ယခုနှစ်အထိ) ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများကို အထက(၂)လသာကျောင်းရုံးခန်းတွင် ကျောင်းချိန်အတွင်း နံနက် ၉နာရီမှ မွန်းလွဲ၂နာရီအထိ လာရောက်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ။

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့

ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
ပဲခူးတိုင်း တရားရုံး
၂၀၀၄ခုနှစ် တရားမအယူခံမှုအမှတ်–၃၃

ဟာဂျီဦးတင်လှ	**နှင့်**	၁။ ဦးအာလီ(ခ)ဦးရီနွတ်
		၂။ ဒေါ်ခင်စန်းဝေ
		၃။ ဦးကလူး
		၄။ မအဘီဘာ
(အယူခံတရားလို)		၅။ မချိုအေး **(အယူခံတရားပြိုင်)**

၂၀၀၄ခုနှစ်၊ ဇူလိုင်လ ၆ရက်နေ့စွဲပါ တောင်ငူခရိုင်တရားရုံးတော်မှ စီရင်ချက်ဒီကရီကို အယူတော်ခံမှု။

အယူခံတရားပြိုင် ဦးအာလီ၊ ဒေါ်ခင်စန်းဝေ၊ ဦးကလူး၊ မအဘီဘာ၊ မချိုအေး သမ္မတရပ်ကွက်၊ ထန်းတပင်မြို့၊ ပဲခူးတိုင်း နေသူများအား သိစေရမည်။

ယခုအမှုတွင် တောင်ငူခရိုင်တရားရုံးကချပေးသည့်ဒီကရီကို ဟာဂျီ ဦးတင်လှက အယူတော်ခံရာ ဤတရားရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းသည့် ထိုအယူခံမှုကို(၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်) ၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်နေ့တွင် ဆိုင်ရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြင့်ဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြင့်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တင်မွေး
တွဲဖက်တိုင်းတရားသူကြီး၊ ပဲခူးမြို့။

အမွေဆိုင်ပစ္စည်းများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်တော်များ၏ မိတ်ဆွေတစ်ဦးဖြစ်သူ ဦးထွန်းမြင့် ၆/မအရ(နိုင်)၀၂၅၄၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ မိခင်ဒေါ်ဟာဇလာဘီ(ခ)ဒေါ်ခင်မြင့်၏ (၃၀–၁၂–၂၀၀၄)ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာ၌ အမွေဆိုင်ပစ္စည်းများနှင့် ပတ်သက်၍ ကြေညာထားချက်အပေါ် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

မိခင်ဒေါ်ဟာဇလာ (ခ) ဒေါ်ခင်မြင့်၏ ကြေညာချက်၌ ကျန်ရစ်သူသားသမီးများ စာရင်းတွင် ဖော်ပြထားသော (၁) ဦးတင်အောင်၊ (၂) ဦးစိုးမြင့်၊ (၃) ဦးကျော်မြင့်ဆိုသူတို့မှာ ကွယ်လွန်သူဦးအောင်မြင့်နှင့် ဒေါ်ဟာဇလာဘီ(ခ)ဒေါ်ခင်မြင့်တို့မှ မွေးဖွားသော သားသမီးများ မဟုတ်ဘဲမိခင် ဒေါ်ဟာဇလာဘီ(ခ) ဒေါ်ခင်မြင့်၏ ယခင်အိမ်ထောင်မှ ထွန်းကားသောသားများသာဖြစ်ပါသည်။ ကွယ်လွန်သူဦးအောင်မြင့်၏ တိုက်ရိုက်အမွေခံသားရင်းများမဟုတ်ပါ။ ကွယ်လွန်သူဦးအောင်မြင့်၏ကျန်ရစ်ပစ္စည်းများအပေါ် အမွေဆက်ခံခွင့်ရှိသူ အမွေခံသားသမီးရင်းများဟူ၍ (၁) ဒေါ်ရီရီမြင့်၊ (၂) ဦးတင်မြင့်၊ (၃) ဦးထွန်းမြင့်၊ (၄)ဦးတင်စိုးတို့ လေးဦးသာရှိပါသည်။

ကွယ်လွန်သူ ဖခင်ဦးအောင်မြင့်နှင့် မိခင်ဒေါ်ဟာဇလာဘီ(ခ) ဒေါ်ခင်မြင့် တို့ လက်ထပ်ပေါင်းသင်းပြီး နောက်ပိုင်းမှ ဖခင်အမည်ပေါက်ဖြစ်ထွန်းပိုင်ဆိုင်ခဲ့သော မိခင်ဒေါ်ဟာဇလာဘီ(ခ) ဒေါ်ခင်မြင့်၏ ကြေညာချက်တွင်ပါရှိပြီးသည့် အိမ်မြေလေးမျိုး၊ တယ်လီဖုန်းများအပါအဝင်နှင့် မော်တော်ယာဉ်အမှတ်၇က/၃၁၀၇များသည် ကွယ်လွန်သူ ဖခင်ဦးအောင်မြင့်၏ ကျန်ရစ်အမွေပစ္စည်းများ ဖြစ်ပြီး၊ ဦးအောင်မြင့် ကွယ်လွန်ချိန်တွင် မိခင်ဒေါ်ဟာဇလာဘီ(ခ) ဒေါ်ခင်မြင့် (နှင့်) ကျွန်တော်များ၏ မိတ်ဆွေသည် ဦးထွန်းမြင့်အပါအဝင် မောင်နှမလေးဦးတို့သာလျှင် အစ္စလာမ်ဥပဒေနှင့်အညီ အချိုးကျပိုင်ဆိုင်လာသည့် ပိုင်ရှင်များ ဖြစ်ပါကြောင်းနှင့် ကျွန်တော်များ၏ မိတ်ဆွေသည် အမွေခံပိုင်ရှင်တစ်ဦးဖြစ်သည့်အားလျော်စွာ အမွေပုံများကို မိခင်က ထိန်းသိမ်းထားခြင်းအား တစ်စုံတစ်ရာ ကန့်ကွက်မှုမပြုလိုသော်လည်း ကျွန်တော်များ၏ မိတ်ဆွေနှင့် ကျန်မောင်နှမများ ရရှိသည့် အမွေပုံအချိုးကျဝေစုပေါ်တွင်မူ အမွေဆိုင်များ အားလုံး၏ ခွင့်ပြုသဘောတူချက်မရှိဘဲ မိမိသဘောအလျောက် စီမံခန့်ခွဲခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်းများ၊ အခြားနည်းလွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်း အသိပေးကြေညာပါသည်။ **ဦးထွန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**

ဦးစံလှ၊ စဉ်–၁၇၄၉/၇၉၊ ဒေါ်အေးအေးနိုင် စဉ်–၄၀၆၅
တရားရုံးချုပ်ရှေ့နေများ
၆၈၊ ဒုတိယထပ်၊ အနော်ရထာလမ်း၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်သန့်ရှင်းသာယာလှပရေးကို မြို့နယ်အဆင့်မြင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၉ ရက်က ပန်းခင်းရပ် လမ်းဆုံတွင် ပန်းအလှနှင့်အရိပ်ရပင်စိုက်ပျိုးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကျော်ဇေယျနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးစိုးခိုင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၁၀၁)

ကျောက်ပန်းတောင်းမြို့ မဟာမြတ်ရွှေဂူစေတီ အသံမစဲမဟာပဋ္ဌာန်းပွဲနှင့် ဗုဒ္ဓပူဇနီယပွဲကျင်းပ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၁

ကျောက်ပန်းတောင်းမြို့ မဟာမြတ်ရွှေဂူစေတီ အသံမစဲမဟာ ပဋ္ဌာန်းပွဲနှင့် ဗုဒ္ဓပူဇနီယ အနေကဇာ တင်ပွဲကို ဇန်နဝါရီ ၁၇ရက် မွန်းလွဲ ၂နာရီက ပင့်သံဃာတော်အပါး ၂၀၀ ကျော်တို့အား စေတနာကုသိုလ်ရှင်များက ဝတ္ထုပစ္စည်းလေးပါးနှင့်တကွ ဆွမ်းသပိတ်လောင်းလှူပွဲ ကျင်းပသည်။

အဆိုပါ မဟာမြတ်ရွှေဂူစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိန်း(သီဟသုဓမ္မမဏိဇောတဓရ)က ဦးဆောင်သော အဖွဲ့ဝင်များက ကြီးကြပ်၍ ဘုရားပွဲတော် ကျင်းပကြောင်း သိရသည်။ (၀၆၁)

ဒဂုံမြို့နယ် အလက(၂) Grade I မှ မယမင်းအောင်၏ (၆)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဇန်နဝါရီ ၂၇ ရက်က ကြက်သားခေါက်ဆွဲကြော် အာဟာရကျွေးမွေးရာ ကျောင်းကျန်းမာရေး ဆရာမများ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (က–ပ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိလာသည့် ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အားကြိုဆိုနှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ●

မြန်မာ့အလင်း

(၅၈)နှစ်မြောက်

ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

အသီးတစ်ရာ

အညှာတစ်ခု

ဒို့ပြည်ထောင်စု



- ပြည်ထောင်စုစိတ်ဓာတ်

ခွန်ရဲသွေး(အေးသာယာ)၏ကဗျာ (စာ-၃)

- ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းခြင်း၏ရလဒ်ဖြစ်သည်။ ငြိမ်းချမ်းခြင်းအရသာနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ဒေသခံတိုင်းရင်းသားများ ရရှိခံစားနိုင်အောင် အစဉ်အမြဲကြိုးပမ်းဆောင်ရွက်အပ်ကြောင်း ကယားပြည်နယ်၏ နယ်စပ်ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများက ညွှန်ပြနေသည်။

သီဟအောင်၏ ဆောင်းပါး (စာ-၈၊၁၀)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် **General Chaisit Shinawatra** အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုင်းရင်းသားပြည်သူများလိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းရေး မျက်ခြည်ပြတ်မခံ တိုင်းရင်းသားများအကျိုးစီးပွားရှေးရှုပြီး အမျိုးသားညီလာခံကို ဖေဖော်ဝါရီ ၁၇ ရက်၌ ပြန်လည်ကျင်းပမည် ကျင်းပမည့်အမျိုးသားညီလာခံတွင် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအသေးစိတ်အခြေခံရမည့်မူများအတည်ပြုမည်

ဆူနာမီရေလှိုင်းဒဏ်အနည်းငယ်သာသက်ရောက်၍ မြန်မာနိုင်ငံ၌ အသေအပျောက်၊ ပျက်စီးဆုံးရှုံးမှုနည်းပါး ဘေးဒဏ်ခံရသူများ နိုင်ငံတော်နှင့် စေတနာရှင်များထောက်ပံ့မှုကြောင့် ပုံမှန်အနေအထားရောက်ရှိနေပြီ

ရန်ကုန် ဖေဖော်ဝါရီ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက ဖေဖော်ဝါရီလ ၁၇ရက်တွင် ပြန်လည်စတင်ကျင်းပမည့် အမျိုးသားညီလာခံနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုအခြေအနေ၊ ၂၆-၁၂-၂၀၀၄ ရက်က လျောင်လှုပ်ခဲ့၍ဖြစ်ပေါ်ခဲ့သည့် ဆူနာမီရေလှိုင်းဒဏ်ကြောင့် မြန်မာနိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှုနှင့် ကယ်ဆယ်ရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများ၏ အဖျက်အမှောင့် လုပ်ဆောင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၅)ကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးဒိုသတင်းဌာန သတင်းထောက်ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡